# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday 6 December 2018 ၉၇၉၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီဂန္ထဝင်တေးဂီတ ဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ အီတလီဂန္ထဝင်တေးဂီတ ဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည့် အီတလီနိုင်ငံမှ စန္ဒရားပညာရှင် Ms. Raffaella နှင့် တယောပညာရှင် Ms. Natascia Gazzana တို့၏ အီတလီ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

### တက်ရောက်

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဟန်ဇော်နှင့်ဇနီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mrs. Alessandra Schiavo က အီတလီဂန္ထဝင်တေးဂီတဖျော်ဖြေပွဲနှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စန္ဒရားပညာရှင် Ms. Raffaella နှင့် တယောပညာရှင် Ms. Natascia Gazzana တို့က အီတလီဂန္ထဝင်တေးသီချင်းများဖြစ်ကြသည့် အာ ဗီဗာလ်ဒီ၏ ဆိုနာတာအမှတ် ၂ တီးကွက် ၃၁၊ အန် ပါဂါနီနီ၏ ဆိုနာတာ၊ ဂျီ ရော့စီနီ၏ တယောနှင့် စန္ဒရားတီးကွက်အမြူးနှင့် ဘီ ဘာတော့ခ်၏ ရိုမေးနီးယားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီဂန္ထဝင်တေးသီချင်းများကို တီးခတ်ဖျော်ဖြေကြသည့် စန္ဒရားပညာရှင် Ms. Raffaella နှင့် တယောပညာရှင် Ms. Natascia Gazzana တို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဖျော်ဖြေပွဲအစီအစဉ် ဒုတိယပိုင်းတွင် စန္ဒရားပညာရှင် Ms. Raffaella နှင့် တယောပညာရှင် Ms. Natascia Gazzana တို့က အီတလီဂန္ထဝင်တေးသီချင်းများဖြစ်ကြသည့် အာ ကော်ရယ်လီ၏ ဆိုနာတာ အမှတ် ၅ တီးကွက် ၁၂ (စိတ်ရိုင်း)၊ အေ ဘလော့ချ်၏ လက်စွမ်းပြ နီဂွန်းအမှတ် ၂ (ဘားလ်ရှမ်)နှင့် အန် ရိုတ၏လက်စွမ်းပြ တယောနှင့် စန္ဒရားတီးကွက် (ဒေါသအိုးကွဲ)တို့ဖြင့် ဆက်လက်တီးခတ်ဖျော်ဖြေခဲ့ကြသည်။ **သတင်းစဉ်**





KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ပညာဖြင့် ကောင်းမွန်သည့်အနာဂတ်တည်ဆောက်

နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်ကြီးပွားရာ အရင်းခံအကြောင်းတစ်ခုမှာ တိုင်းပြည်ပညာရေးကို မည်သို့ရင်းနှီးမြှုပ်နှံအားထုတ်ခဲ့ပါသည်ဆိုသော အကြောင်းအချက်ဖြစ်သည်။ တိုးတက်အောင်မြင်နေသော နိုင်ငံတစ်နိုင်ငံ၏ အစဉ်ရှင်သန်နေသော သယံဇာတသည် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နိုင်သည့် ပညာရေးမဟာဗျူဟာသာ ဖြစ်ကြောင်း ပညာရှင်များ၊ ခေါင်းဆောင်များက မှတ်ချက်ပြုကြသည်။

မြန်မာနိုင်ငံပညာရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေမှာ အများအသိပင်ဖြစ်သည်။ အဘက်ဘက်၊ အဆက်ဆက် အားနည်းခဲ့သော ပညာရေးစနစ်ကို ပြုပြင်ရန်အတွက် စတင်အကောင်အထည်ဖော်နေပြီ။ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်ခန့်ကာလအတွင်း အောင်မြင်အောင် ဖော်ဆောင်နိုင်လိမ့်မည်။ ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင်တစ်ခုဖြစ်သည့် လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်စေတနာအပြည့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ပညာရေးစနစ်ပြုပြင်မှုသည် ချက်ချင်းပြောင်းလဲ၍ရသောအရာမဟုတ်ချေ။ မျိုးဆက်တစ်ခုမက ရေရှည်ရင်းနှီးမြှုပ်နှံရသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ၁၅ နှစ်ခန့်ကာလအတွင်း အကောင်အထည်ပေါ်လာနိုင်စေရန် အခြေခံပညာကဏ္ဍမှ စတင်သည်။ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ဒီဇင်ဘာလ ၄ ရက်နေ့က ကျင်းပခဲ့သည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ၏အနာဂတ်အတွက် ထိရောက်စွာ အကျိုးဆောင်နိုင်မည့် ပညာရေးစနစ်ကို ညွှန်ပြခဲ့သည်။

"မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေးစနစ် ပြောင်းလဲရာမှာ ကလေးများအနေနဲ့ တီထွင်ဖန်တီးခြင်းနဲ့ ဆန်းစစ်ဝေဖန်ပိုင်းခြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနဲ့ ကျင့်ဝတ်များရရှိကာ မိမိဘဝအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်လုပ်ကိုင်နိုင်တဲ့ အရည်အချင်းများနဲ့ပြည့်စုံအောင် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည့် ပညာရေးစနစ်ဖြစ်မယ်လို့ ယုံကြည်ပါတယ်" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ပညာရေးဆိုသည်မှာ လုပ်ရိုးလုပ်စဉ် ကျောင်းတက်ပညာသင်ခြင်း လုပ်ငန်းစဉ်ထက် များစွာနက်နဲ ကျယ်ဝန်းပါသည်။ စူးစမ်းလေ့လာလိုစိတ် ပြင်းပြကာ အမြဲမပြတ် သင်ယူလေ့ကျင့်နေကြသူများသာ နိုင်ငံ့အကျိုးပြု ပညာတတ်များဖြစ်နိုင်သည်ဟု ယူဆသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှာ စစ်မှန်သောပညာတတ်များဖြစ်စေရေးသာမက အလုပ်အကိုင် အခွင့်အလမ်းများအတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ် ပေါ်ထွန်းစေရေးမှာလည်း အထူးလိုအပ်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ပညာရေးကို ပြုပြင်ပြောင်းလဲရာတွင် အခြေခံပညာကဏ္ဍကို ယခုစတင်ဖော်ဆောင်နိုင်ပါက မျှော်မှန်းထားသည့် ပညာရေးပန်းတိုင်သို့ ရောက်ရှိနိုင်သည်။ ယခုကျင်းပနေသော အခြေခံပညာကဏ္ဍ နှီးနှောဖလှယ်မှုများ၊ ဆွေးနွေးအဖြေရှာမှုများသည် နိုင်ငံ၏ အနာဂတ်အတွက် ထိရောက်စွာအကျိုးဆောင်နိုင်မည့် အခြေခံပညာရေးစနစ်တစ်ခု ခိုင်မာစွာပေါ်လာနိုင်မည်ဟု ယုံကြည်ပါသည်။ ပညာရေးသည် လူမှုဘဝနယ်ပယ်အသီးသီး မြင့်မားတိုးတက်လာစေရေးအတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

သို့ဖြစ်ရာ ကောင်းမွန်သော အနာဂတ်ကိုဖော်ဆောင်နိုင်ရေးအတွက် မှန်ကန်သောပညာရေးစနစ် အမြန်ဆုံးပေါ်ပေါက်လာအောင် ပြုပြင်ပြောင်းလဲမှုများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ အနေအထား၊ ကျောင်းသား ကျောင်းသူများ၏ အခြေအနေများနှင့် လျော်ကန်သင့်မြတ်သော မှန်ကန်သည့်ပညာစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် အမြန်ဆုံးတည်ဆောက်ကြရမည်။ ဆရာ၊ မိဘ၊ ကျောင်းသား၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm






# စီမံကိန်းစိစစ်သုံးသပ်အကဲဖြတ်ရေးဆိုင်ရာပံ့ပိုးနိုင်ရေး အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီမံကိန်းစိစစ်သုံးသပ်အကဲဖြတ်ရေးဆိုင်ရာ ပံ့ပိုးနိုင်ရေးအဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ခွင့်ပြုငွေ၊ ပြည်ပချေးငွေ၊ အထောက်အပံ့များဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများအား ဆောင်ရွက်ရာတွင် အဆိုပါစီမံကိန်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်မှုကို သိရှိနိုင်ရန် စီမံကိန်းစိစစ်သုံးသပ်အကဲဖြတ်သည့် စနစ်တစ်ခုတည်ဆောက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများအား စောင့်ကြည့်လေ့လာစိစစ်သုံးသပ်နိုင်ရန်နှင့် ယင်းစီမံကိန်းများမှ သုံးစွဲလိုက်သော အရင်းအမြစ်များနှင့် ထိုက်တန်သည့် မျှော်မှန်းရလဒ်များရရှိခြင်း ရှိ၊ မရှိကို သိရှိနိုင်မည်ဖြစ်ရာ ဆွေးနွေးပွဲသို့ပါဝင်တက်ရောက်လာကြသော ပညာရှင်များက မိမိတို့၏ အသိပညာ အတွေ့အကြုံများကိုအခြေခံပြီး အကြံပြုချက်ကောင်းများ ပံ့ပိုးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂမှ M&E ပညာရှင်များက ဝန်ကြီးဌာနအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ တွေ့ရှိချက်များ၊ အားသာချက်နှင့် အားနည်းချက်များအား ဆွေးနွေးတင်ပြကြရာ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ပြန်လည်သုံးသပ်ညှိနှိုင်းဆွေးနွေးပြီး ဝန်ကြီးဌာန M&E စနစ် ပိုမိုအားကောင်းလာစေရေးအတွက် ဥရောပသမဂ္ဂမှ နည်းပညာနှင့် အထောက်အပံ့များ ဆက်လက်ပံ့ပိုးပေးသွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းပြခန်းဖွင့်

**ပလက်ဝ ဒီဇင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ် ပလက်ဝမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းဆိုင်ရာ ဝေဖန်အကြံပြုတိုင်ကြားချက်များ၊ ကျား-မ ရေးရာ တန်းတူညီမျှမှုများ စသည့်လုပ်ငန်းဆောင်ရွက်မှုများကို ကျေးရွာလူထုများနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်လျက် လူထုဗဟိုပြုစီမံကိန်းပြခန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သော ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရာ ပလက်ဝမြို့နယ် ကျီးလေကျေးရွာ၌ ပြုလုပ်ခဲ့သည်။



ပြခန်းတွင် လူထုဗဟိုပြုစီမံကိန်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းခွဲမှတ်တမ်းဓာတ်ပုံများ၊ စီမံကိန်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ လက်ကမ်းစာစောင်များ၊ စီမံကိန်းလက်စွဲစာအုပ်များနှင့် အခြားသော စီမံကိန်းဆိုင်ရာစာအုပ်များကို အများပြည်သူလေ့လာနိုင်ရန်အတွက် ခင်းကျင်းပြသထားပြီး စီမံကိန်းဝန်ထမ်းများက တက်ရောက်လာသည့် ပရိသတ်များကို စီမံကိန်းဆိုင်ရာ မေးခွန်းများမေးမြန်းကာ အဖြေမှန်ဖြေဆိုနိုင်သူများအား လက်ဆောင်ပစ္စည်းများ ချီးမြှင့်ကြသည်။

အဆိုပါပြခန်းသို့ လာရောက်လေ့လာသူ ကျေးရွာလူထုပေါင်း ၅၀၀ ခန့် ရှိကြောင်း၊ ပလက်ဝမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်(ရွှေဈေး) ၁၀၁၃၅၀၀ - ၁၀၁၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၁၃၅၀၀ - ၁၀၁၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၉၀/၁၀၀၅ ကျပ် | ၁၀၀၀/၁၀၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၀/၉၂၀ ကျပ် | ၉၆၀/၉၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၅/၈၅၀ ကျပ် | ၈၉၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၀၀/၁၀၂၅ ကျပ် | ၁၀၂၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၅/၉၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၃၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၁၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၄၅. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၅. ၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆. ၉၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀. ၅၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၈၃၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၄. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၈. ၅၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၂၅. ၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၇. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ(၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ ကျောဖုံးမှ

ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅)ကိုလည်းကောင်း အတည်ပြု ချမှတ်နိုင်ခဲ့ပါကြောင်း။

အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါ ကော်မတီကို အထောက်အကူပြုစေရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ စသည့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆပ်ကော်မတီ(၈)ခုဖြစ်သည့် ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၊ သုတေသနဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးအသင်းနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆပ်ကော်မတီတို့အပြင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးအဖွဲ့များကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ ၎င်းတို့သည် အမျိုးသားအဆင့်မူဝါဒ လုပ်ငန်းစဉ်များ ဖြစ်ကြပြီး မသန်စွမ်းသူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ရရှိလာခြင်းဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း။

**ဆုံးဖြတ်ချက်များ ဆောင်ရွက်နိုင်ခဲ့**

အမျိုးသားကော်မတီအစည်းအဝေးများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဒုတိယအကြိမ် စုစုပေါင်း နှစ်ကြိမ်ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန် ၅ရက်နှင့် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့ကာ ရန်ပုံငွေထူထောင်ရေး အစည်းအဝေးကို ဇွန် ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင် အဆိုပါ အစည်းအဝေးများမှ မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းမှုအလိုက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းများကို အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ လက်လှမ်းမီသိရှိနိုင်ရေးအတွက် မျက်မမြင်စာဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ၏ အားသာချက်ဖြစ်သည့် မျက်မမြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြားအာရုံချို့ယွင်းသူများအတွက်လည်း သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ခွင့် သေချာစေရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးရလဒ်အဖြစ် အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ဥပဒေတို့ကို လက်သင်္ကေတပြ ဘာသာစကားတတ်ကျွမ်းသည့် စကားပြန်များမွေးထုတ်ပေးရေးအပြင် လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးမှုသင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

**အလုပ်အကိုင် ဖန်တီးပေး**

ကိုယ်လက်အင်္ဂါချို့ယွင်းမသန်စွမ်းသူများအတွက် အလုပ်အကိုင်ဖန်တီးပေးရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူတတ်မြောက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံရှိအလုပ်ရှင်များအတွက် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာလက်စွဲစာအုပ်ကို ပြုစုပြီးဖြစ်၍ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲစာအုပ်မိတ်ဆက်ပွဲများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်ရာ၌ ပြည်သူလူထုကိုအခြေပြုသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ကြရာတွင် မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးစီးပွားကို သာတူညီမျှခွဲဝေခံစားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် လူသားတိုင်းပေါင်းစည်းပါဝင်နိုင်သော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမူဘောင်အဖြစ် အသုံးပြုနိုင်သည့် ၂၀၃၀ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၇)ချက်ကို ထည့်သွင်းဖော်ပြထားပြီး သက်ဆိုင်ရာရည်မှန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အုပ်စုများသာမက လူသားထုတစ်ရပ်လုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း။

**တန်းတူလူသားမျိုးနွယ်ဖြစ်**

ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် လူသားတိုင်းပါဝင်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးအမြတ်ကို လူသားတိုင်းခံစားခွင့်ရရှိကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပြီး အဆိုပါ စိန်ခေါ်မှုတို့ကိုဖြေရှင်းဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် မသန်စွမ်းသူများအား မိမိတို့နှင့်တန်းတူ လူသားမျိုးနွယ်ဖြစ်သည်ကို အသိအမှတ်ပြုပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန် ခံနိုင်စွမ်းသော လူ့ဘောင်အားလုံးပါဝင်ပြောင်းလဲကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ခြင်းအပါအဝင် မူဝါဒရေးဆွဲခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်း၊ မသန်စွမ်းအဆင့်သတ်မှတ်ခြင်း၊ မသန်စွမ်းမှတ်ပုံတင်ခြင်းနှင့် မူဝါဒများဖော်ထုတ်ခြင်းစသည့် အရေးကြီးသည့် လုပ်ဆောင်မှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲ၌ မသန်စွမ်းသူများနှင့် ပတ်သက်သည့်ပြုပြင်ပြောင်းလဲမှု ကြေညာချက်(၁၀)ချက်အနက် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကတိပြုချက်(၇)ချက်ဖြစ်သည့် မသန်စွမ်းသူများနှင့် ပတ်သက်၍ မူဝါဒများဆိုင်ရာ လေ့လာဆန်းစစ်မှုပြုလုပ်ရေး၊ မသန်စွမ်းသူများ၏ ပညာရေးနှင့် စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး၊ မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်အတွင်း အဆင်ပြေစေမည့် ပတ်ဝန်းကျင်ဖန်တီးရေး၊ မသန်စွမ်းသူများ ခေတ်နှင့်အညီ သတင်းအချက်အလက် နည်းပညာများအသုံးပြုဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှုစစ်တမ်းကောက်ယူနိုင်ရေး၊ မသန်စွမ်းမှုအကျုံးဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေများတွင် မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အသိပညာပေးဖော်ပြနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် နေပြည်တော်၌ မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကိုကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း။

**ပူးပေါင်းပါဝင်**

မသန်စွမ်းသူများအနေဖြင့်လည်း သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ရရှိထားသည့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို အသုံးချ၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် နည်းပညာအရင်းအမြစ်များရရှိနိုင်ရေးအပြင် ထိရောက်သည့် မူဝါဒများရေးဆွဲနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ပြည်တွင်း၊ ပြည်ပမှ သုတေသနလေ့လာချက်များနှင့် အလေ့အကျင့်ကောင်းများသိရှိနိုင်ရန် လိုအပ်သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ ပြည့်မီစေရေးအပြင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီ၊ နေပြည်တော်ကောင်စီတို့အတွက် တိကျသည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် Technical Assistance Group ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အမျိုးသားကော်မတီဝင်များအနေဖြင့် မသန်စွမ်းမှုအကျုံးဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ သဘာဝဘေးလျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များအတွက် ထည့်သွင်းစဉ်းစားခြင်းများကို ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အတားအဆီးကင်းသည့် လုပ်ငန်း၊ အလုပ်နေရာပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီး မသန်စွမ်းသူများ၏ ဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပြည့်မီရေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မသန်စွမ်းအဖွဲ့အစည်းများအားလုံး၏ လုပ်ငန်းတာဝန်သာမက ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်ကြီးမားသော ပန်းတိုင်ဖြစ်သည်ကို သိရှိထားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများ အပြည့်အဝဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်က တပ်မတော်သားမသန်စွမ်းသူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မသန်စွမ်းသူများသွားလာရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မသန်စွမ်းမှုအမျိုးအစား စိစစ်သတ်မှတ်ရေး၊ မသန်စွမ်းသူများအား ဆေးကုသပြုစုစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မသန်စွမ်းအားကစားဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကိစ္စရပ်များ၊ မသန်စွမ်းသူများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**အကြံဉာဏ်များရယူနိုင်ရေး**

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြိုးပမ်းဆောင်ရွက်နေမှုများကို နိုင်ငံတကာမှသိမြင်နိုင်စေရေးနှင့် ၎င်းတို့ထံမှ ကောင်းမွန်သည့်နည်းပညာနှင့် အကြံဉာဏ်များရယူနိုင်ရေးအတွက် နိုင်ငံတကာတွင်ကျင်းပသည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ကိုယ်စားလှယ်များစေလွှတ်နိုင်ရေး ကြိုးစားစီစဉ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများသွားလာလုပ်ကိုင်မှု လွယ်ကူအဆင်ပြေစေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ယခုထက် ပိုမိုဖြည့်ဆည်းပေးနိုင်ရေး၊ မသန်စွမ်းသူများ၏ မသန်စွမ်းအမျိုးအစားအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို အလေးထားစီမံဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများနှင့်စပ်လျဉ်းသည့် အသိပညာပေးဆောင်ရွက်မှုများကိုလည်း ပြန်ကြားရေးမီဒီယာများအသုံးပြု၍ တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများထိရောက်အောင်မြင်မှုရှိရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ အချိတ်အဆက်မိမိဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အင်ဒိုနီးရှားနိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် အင်ဒိုနီးရှားနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Utut Adianto Wahyuwidayat နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ- အင်ဒိုနီးရှား နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ရေးရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်သိန်း၊ ဦးစိုးသူရထွန်း၊ ဦးခင်အေး၊ ဦးကြည်မိုးနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကျားမ တန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES) တို့ ပူးပေါင်းပြုလုပ်သည့် ကျားမတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့များ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားရာ၌ ကော်မရှင်အနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်ကာ အမျိုးသမီးများ ရွေးကောက်ပွဲနှင့် နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင်လည်း ကျားမရေးရာလုပ်ငန်း အထောက်အကူပြုအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃-၂၀၂၂) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ယခုနှစ်ရက်တာ ဆွေးနွေးပွဲတွင် ၁၉၉၇ ခုနှစ်၌ မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးခဲ့သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာပဋိညာဉ် (CEDAW)၏ အရေးကြီးပုံ၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲတွင် အမျိုးသမီးမဲဆန္ဒရှင်များ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပိုမိုတိုးမြှင့်ပါဝင်လာစေရေးအတွက် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂ )တွင် ပါဝင်သော Gender Policy ၊ Action Plan များနှင့် စပ်လျဉ်းပြီး ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအကြောင်း အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ကောင်းမွန်သော ဆွေးနွေးမှုရလဒ်ကောင်းများရရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ IFES မှ Country Director Mr. Paul Guerin OBE က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ကဏ္ဍ မြှင့်တင်ပေးခြင်းဆိုင်ရာ ဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျားမရေးရာလုပ်ငန်းအဖွဲ့ဝင်များက အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး နိုင်ငံတကာသဘောတူစာချုပ်(CEDAW) မိတ်ဆက်နှင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုအခြေအနေ၊ CEDAW တွင်ပါဝင်သော အကြောင်းအရာများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကျားမတန်းတူညီမျှရေးနှင့် အားလုံးပါဝင်ရေး၊ အခက်အခဲ အတားအဆီးများနှင့် ဓလေ့ထုံးတမ်း စံသတ်မှတ်ချက်များ၊ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်းတို့နှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့်ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ကျားမတန်းတူညီမျှရေးလုပ်ငန်းအဖွဲ့ဝင် ခြောက်ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ကျားမတန်းတူညီမျှရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အတွင်းရေးမှူး ၃၀ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဒုတိယနေ့အစီအစဉ် ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ တပ်မတော်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမ အသင်းအဖွဲ့၊ ကျောင်းသားအသင်းအဖွဲ့နှင့် မိတ်ဖက်စာကြည့်တိုက်များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာ တင်မောင်ဝင်းက သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်ရေးအတွက် (Project Activities)များ အသုံးပြုသင်ကြားရေးစာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်အောင်ရီက အခြေခံပညာလုပ်ငန်းများအပေါ် အကြံပြုချက်များ ဖြေရှင်းရေးအစီအစဉ် (Suggestion Response Mechanism Implementation)အကောင်အထည်ဖော်ရေး စာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းသိန်းက ထိရောက်သော သင်ကြားသင်ယူမှုကို ဦးဆောင်မည့် ကျောင်းအုပ်ကြီးများ၏အခန်းကဏ္ဍနှင့် အခြေခံပညာကျောင်းများတွင် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်စာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းနုနုစိန်က အခြေခံပညာအထက်တန်း ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် စံသတ်မှတ်ချက်များ သတ်မှတ်ပေးရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး စာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးငွေတိုးက အခြေခံပညာအဆင့် ပညာရေးစီမံခန့်ခွဲမှု၏ အခန်းကဏ္ဍစာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများအား အုပ်စုအဖွဲ့ငယ်ခြောက်စုခွဲကာ စာတမ်းခေါင်းစဉ်အလိုက် ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးအကြံပြုချက်များကို စုစည်းမှတ်တမ်းတင်ကြသည်။

ယင်းနောက် အုပ်စုအဖွဲ့ငယ်အသီးသီး၏ ဆွေးနွေးချက်များကို ပြန်လည်တင်ပြကြပြီး ဆွေးနွေးညှိနှိုင်းစုစည်းကာ မှတ်တမ်းတင်ကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ရွှေ့ပြောင်းအစီအစဉ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ရွှေ့ပြောင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘူးသီးတောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် အခြေခံပညာကဏ္ဍမှ တာဝန်ရှိသူများ၊ ဘူးသီးတောင်မြို့နယ်မှ မြို့နယ်အဆင့် အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ ကြီးကြပ်သူများ၊ ဒေသခံလုပ်အားပေးဆရာ ဆရာမများ၊ စာသင်သားများ တက်ရောက်ကြသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ရွှေ့ပြောင်းအစီအစဉ်ကို ဘူးသီးတောင်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု သုံးစုတို့မှ စာသင်သား ၆၇ ဦးတို့အား စာသင်ဝိုင်း ခြောက်ဝိုင်းဖွဲ့၍ ဒေသခံလုပ်အားပေး ဆရာ ဆရာမ ၁၂ ဦးနှင့် ကြီးကြပ်သူ နှစ်ဦးတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကတည်ထောင်သည့် အခြေခံပညာကျောင်းများကို ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွင့်လှစ်ခွင့်ပြု



တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း



ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားအနီး ပတ်ဝန်းကျင်တွင်ရှိနေသော ကုန်းဘောင်ခေတ် ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူသင်္ချိုင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ကုန်းဘောင်ခေတ် ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူသင်္ချိုင်းတွင် အုတ်ဂူပေါင်း အလုံး ၂၀ ရှိပြီး၊ ပြည်ထဲရေးဝန်ကြီးဟောင်း ဆာဦးသာ၏ အုတ်ဂူအပါအဝင် ဆွေတော်မျိုးတော်များ၏ အုတ်ဂူ ၆ လုံးနှင့် ကျန်အုတ်ဂူများမှာ ပြင်ပပုဂ္ဂိုလ်များ၏ အုတ်ဂူများဖြစ်ပါကြောင်း၊ ဆွေတော်မျိုးတော်များ၏ အုတ်ဂူ ၆ လုံးအနက် မင်းတုန်းမင်းတရားကြီး၏ သမီးတော် မင်းတပ်ထိပ်ခေါင်တင်၏ အုတ်ဂူသည် ဘုံဆင့်ကနုတ်ပန်းပါအုတ်ပြာသာဒ်ဂူဖြစ်ပြီး ကျန်အုတ်ဂူများမှာ မည်သည့်လက်ရာမှ မပါသည့် ရိုးရိုးအုတ်ဂူများဖြစ်ပါကြောင်း။

## ရှေးဟောင်းအဆောက်အအုံများကို ဦးစားပေးထိန်းသိမ်းနေရသဖြင့် ဆွေတော်မျိုးတော်များ၏အုတ်ဂူများအား ထိန်းသိမ်းရန် အစီအစဉ်မရှိသေး

ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူ ၆ လုံးအား လွန်ခဲ့သော ၁၈ နှစ်ခန့်က မည်သူမှလာရောက်ပြုပြင်မှုများ မရှိသော်လည်း ယခုနှစ် သီတင်းကျွတ်လပြည့်နေ့မတိုင်မီ လွန်ခဲ့သော ၁ လခန့်က အောက်မြန်မာပြည် ဆွေတော်မျိုးတော်များအသင်းမှ လာရောက်၍ ယိမ်းယိုင်နေသော အုတ်ဂူများ တည့်မတ်ခြင်း၊ ဆေးဖြူသုတ်ခြင်း စသည့် ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူများထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ဆွေတော်မျိုးတော်များအသင်းမှ ဆောင်ရွက်ခြင်းမှာ သင့်လျော်ပါကြောင်းနှင့် ဌာနအနေဖြင့်မူ ဗိသုကာတန်ဖိုး၊ သမိုင်းတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးမြင့်မားသည့် ရှေးဟောင်းအဆောက်အအုံများကို ဦးစားပေးထိန်းသိမ်းနေရသဖြင့် ဆွေတော်မျိုးတော်များ၏အုတ်ဂူများအား ထိန်းသိမ်းရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ **ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းကျောင်းများရှိ ဘွဲ့ရအထွေထွေလုပ်သားများသည် မူလတန်းပြအဖြစ် ရာထူးတိုးပေးရန် သို့မဟုတ် ပညာရေးကောလိပ်သို့ တက်ရောက်ခွင့်ပြုပြီး မူလတန်းပြဆရာအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းပြအဖြစ်သို့ တိုးမြှင့်ခန့်ထားပေးခြင်းများကို ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ဘဲ သင်ကြားရေးဆရာ၊ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန်အတွက် သင်တန်းဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များအရလည်းကောင်း၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်မှုများအရလည်းကောင်း သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ဆရာအတတ်သင် သင်တန်းတက်ရောက်စေပြီး မူလတန်းပြအဖြစ် ခန့်ထားဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ဘွဲ့ရအထွေထွေလုပ်သားဝန်ထမ်းများအား မူလတန်းပြဆရာဖြစ် သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် ပြင်ပဘွဲ့ရများနည်းတူ ယှဉ်ပြိုင်စာမေးပွဲဖြေဆိုရန် အခွင့်အလမ်းရှိပါကြောင်း၊ ဌာနတွင်း ဦးစားပေးအချိုးအစားတစ်ခုအနေဖြင့် သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **မြန်မာနိုင်ငံတွင် ဖွင့်လှစ်သင်ကြားနေသော ပြည်တွင်းကျောင်းများ ပြည်ပနိုင်ငံဆက်နွယ်ကျောင်းများ စစ်မှန်မှုနှင့် ခွင့်ပြုသက်တမ်းရှိ၊ မရှိကို မည်သည့်ဌာနမှ စိစစ်ခွင့်ပြုပေးပါသနည်း၊ ကောလိပ်၊ စင်တာ၊ သင်တန်း၊ Training, Institute School, Programme ဘွဲ့ကြိုသင်တန်း စသည့် အဆင့်သတ်မှတ်ချက်များကို မည်သို့ထားရှိပါသနည်း၊ ကျောင်းအဆင့်အတန်းနှင့် ၎င်းတို့ပေးသော ဘွဲ့လက်မှတ်များ Certificate ဘွဲ့၊ ဒီပလိုမာများကိုလည်း မည်သည့်ဌာနမှ အဆင့်အတန်းပြည့်မီမှုရှိ၊ မရှိ စိစစ်ပေးပါသနည်း၊ ပြည်ပနိုင်ငံ ဆက်သွယ်ကျောင်းများမှပေးသော ဘွဲ့ကို ၎င်းနိုင်ငံရှိ ပင်မကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ အသိအမှတ်ပြုပေးခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်သော သင်တန်းများနှင့် အခြားဝန်ကြီးဌာနများနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သင်ကြားပေးအပ်လျက်ရှိသော ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များ၏ မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့နှင့်စပ်လျဉ်း၍ ဖွင့်လှစ်သည့်သင်တန်းများတွင် သင်ကြားမည့် သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာတက္ကသိုလ်များမှ ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့တို့၏ ထောက်ခံချက်များဖြင့် ပါမောက္ခချုပ်မှ တာဝန်ခံတင်ပြရပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီနှင့် ပါမောက္ခချုပ်များ ကော်မတီတို့၏ သဘောတူညီမှုဖြင့် ဆုံးဖြတ်ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ သင်ခန်းစာများ ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိကတည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

လက်ရှိဖွင့်လှစ်ထားသော ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေးဆိုင်ရာအဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေများအရ ခွင့်ပြုထားခြင်းမျိုးမဟုတ်ဘဲ ကုမ္ပဏီမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီအဖြစ် မှတ်ပုံတင်၍ ဖွင့်လှစ်ခွင့်ပြုထားသည့်ကျောင်းများဖြစ်ပါကြောင်း၊ ထိုသို့ ဖွင့်လှစ်ထားသည့် ကျောင်းများဖြစ်ပါက ပညာရေးဝန်ကြီးဌာနအနေဖြင့် ယင်းကျောင်းများမှ ပေးအပ်နေသော ဒီပလိုမာ၊ ဒီဂရီ၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များကို မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့ကို စိစစ်နိုင်ရန် အမျိုးသားပညာရေးဥပဒေနှင့် ပြင်ဆင်သည့် ဥပဒေအရ စိစစ်ဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း။

## ပုဂ္ဂလိကကျောင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျောင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှတစ်ဆင့် ပေးပို့လျှောက်ထားလာသောကိစ္စရပ်များအပေါ် စိစစ်ပေးခြင်း၊ အကြံပြုချက်ပေးခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား သည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၏ **မြန်မာနိုင်ငံတွင် ခေတ်မီ အဆင့်မီစာကြည့်တိုက် အမျိုးမျိုးထူထောင်ရန်အတွက် အဆင့်မီကျွမ်းကျင်သော အရည်အချင်းရှိ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်များတွင် ကျွမ်းကျင်အရည်အချင်းရှိ စာကြည့်တိုက်မှူးများ ခန့်ထားပေးရန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအတွက် ယခုထက် အကျိုးရှိအောင် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၇၀၀၅ ကျောင်းရှိပါကြောင်း၊ ထိုကျောင်းများအနက်မှ ကျောင်းစာကြည့်တိုက်ရှိသည့် ကျောင်းပေါင်း ၂၆၂၁၂ကျောင်းရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စာကြည့်တိုက်မရှိသည့် အခြေခံကျောင်းများတွင် စာအုပ်စင်များ၊ ဗီရိုများဖြင့် စာကြည့်တိုက်စာအုပ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခြေခံပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိသော အခြေခံပညာကျောင်းများတွင် သင်ကြားရေးဆရာ၊ ဆရာမများမှတစ်ဦးကို စာကြည့်တိုက်တာဝန်ခံအဖြစ်လည်းကောင်း၊ သင်ကြားရေး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းကောင်စီအဖွဲ့မှ အသင်းခေါင်းဆောင်များထဲမှ အဖွဲ့ဝင်အဖြစ်လည်းကောင်း ထားရှိပြီး ကျောင်းစာကြည့်တိုက်အဖွဲ့ ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စာအုပ်၊ စာပေလေ့လာဖတ်ရှုခြင်း၊ ငှားရမ်းဖတ်ရှုခြင်းများ အဆင်ပြေစေရန်အတွက် နေ့စဉ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးများ ခန့်ထားပေးရန် ခွဲဝေရာထူးသတ်မှတ်ထားခြင်း မရှိသေးပါကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာကြည့်တိုက် အသုံးပြုမှုနှင့် ပတ်သက်၍ ပိုမိုအကျိုးရှိလာစေရန်နှင့် နည်းစနစ်မှန်ကန်စေရန်အတွက် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အခြေခံပညာဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံ စာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးပရဟိတအဖွဲ့ (MBAPE)၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ဂျပန်နိုင်ငံအခြေစိုက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## စာကြည့်တိုက်နှင့် သုတေသနဘာသာရပ်ကို ရိုးရိုးတန်း၊ မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရန်အတွက် စာကြည့်တိုက်နှင့် သုတေသနဘာသာရပ်ကို ရိုးရိုးတန်း၊ မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ စာကြည့်တိုက်ဝန်ထမ်းများ စာကြည့်တိုက်လုပ်ငန်းခွင် အတွေ့အကြုံများရရှိစေရန်အတွက် စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်း၊ စာကြည့်တိုက်များတွင် လက်တွေ့သင်တန်းဆင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်ဆိုင်ဟိန်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာအောင်ထွန်းခိုင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီဝင် ဦးရဲလွင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်းကို အဆိုတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စအင်ဒရီရာ ဖော့ခ်နာအား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စ အင်ဒရီရာ ဖော့ခ်နာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စ အင်ဒရီရာ ဖော့ခ်နာကို ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မွေးဖွားခဲ့ပြီး၊ အက်ဒလိတ်တက္ကသိုလ်မှ ဂီတဘွဲ့၊ ဝိဇ္ဇာဘွဲ့(ဂုဏ်ထူးတန်း) နှင့် ပညာရေးဆိုင်ရာဒီပလိုမာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် အဆင့်အသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှစတင်၍ ယခုအထိ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာနခွဲတွင် လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စ အင်ဒရီရာ ဖော့ခ်နာသည် ပါရီမြို့ ဩစတြေးလျသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ဟန္ဒွိုင်းနှင့် တဲအဗီးလ်မြို့များရှိ ဩစတြေးလျသံရုံးတွင် ဒုတိယသံရုံးအကြီးအကဲအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**

# ဦးစိုးလင်းဟန်အား လူဇင်ဘတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခုနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ **ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မိုင်းစီးကျေးရွာအုပ်စု၊ မိုင်းဟွမ်ကျေးရွာအုပ်စု၊ မိုင်းယကျေးရွာအုပ်စုနှင့် မူဆယ်မြို့နယ် မုံးကိုးကျေးရွာအုပ်စုအထိ ဆက်သွယ်ထားသော ကားလမ်းအား ကတ္တရာလမ်းအဖြစ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် လမ်းပိုင်းသည် လက်ရှိအခြေအနေတွင် လုံခြုံရေးအခြေအနေအရ အခက်အခဲရှိနေသေးပါကြောင်း၊ နယ်မြေအေးချမ်းသွားပါက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မလွှဲတောင်စစ်ဆေးရေးဂိတ်အား ဖြုတ်သိမ်းပေးရန် အစီအစဉ်မရှိ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ **နိုင်ငံရေးအရသော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးအရသော်လည်းကောင်း ယနေ့ခေတ်ကာလတွင် မရှိသင့်တော့သော မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး နယ်အစပ် ပြည်ထောင်စုလမ်းမပေါ်ရှိ မလွှဲတောင် စစ်ဆေးရေးဂိတ်အား ဖြုတ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်သည် မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်နက်ခဲယမ်းများ၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ အကောက်ခွန်မဲ့ကုန်ပစ္စည်း ဝင်ထွက်မှုများ၊ ခိုးဝင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ခြင်းအားဖြင့် ပြည်သူတစ်ရပ်လုံး၏ ဘေးကင်းလုံခြုံမှုကို များစွာအထောက်အကူပြုရာရောက်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မလွှဲတောင်စစ်ဆေးရေးဂိတ်အား ဖြုတ်သိမ်းပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကစ္ဆပနဒီမြစ် အရှေ့ဘက်ခြမ်းဖြစ်သည့် သာဒါဆိပ်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာအကြားတွင်လည်းကောင်း၊ ဗျာလာကျေးရွာနှင့် ဆင်အိုးချိုင်ကျေးရွာ အကြားတွင်လည်းကောင်း ရွာအနောက်ဘက်မှ လယ်ကွင်းများကိုဖြတ်၍ ကျေးရွာကုန်ထုတ်လမ်းတစ်လမ်းစီ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ကျောက်တော်မြို့နယ် ကစ္ဆပနဒီမြစ်အရှေ့ဘက်ခြမ်းဖြစ်သည့် သာဒါဆိပ်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာတို့အကြား ကုန်ထုတ်မြေသားလမ်း ဖောက်လုပ်ပေးခြင်းနှင့် ဖြုန်းကျောက်စရစ်ခင်းကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၁ မိုင်အား ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ ဗျာလာကျေးရွာနှင့် ဆင်အိုးချိုင်ကျေးရွာအကြား ကုန်ထုတ်မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဖြုန်းကျောက်စရစ်ခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ၂ မိုင်အား ခန့်မှန်းကုန်ကျငွေကျပ်သန်း ၉၀ စုစုပေါင်း ငွေကျပ် ၁၃၅ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း

အဆိုပါ ကုန်ထုတ်လမ်းနှစ်လမ်းအား မြေသားလမ်းဖောက်လုပ်ပေးမည်ဆိုပါက လယ်ဧက ၁၇၅၆ ဧကနှင့် လယ်သမား ၁၅၀ ကျော်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးပြုမည်ဖြစ်သော်လည်း ယခုနှစ်တွင် ရန်ပုံငွေအခြေအနေအရ လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ရန်ပုံငွေများတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူ သတိပြုမှုမြင့်တတ်စေရန်နှင့် ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းက ဆင်များသတ်ဖြတ်ခြင်းမှ ကာကွယ်ရန်အတွက် ဆင်စွယ်ဖြင့် ပြုလုပ်သောပစ္စည်း၊ ဆင်သားရေဖြင့် ပြုလုပ်သော အသုံးအဆောင်အဆင်တန်ဆာများကို ဝယ်ယူသုံးစွဲခြင်း မပြုလုပ်ရန် ပညာပေးသင့်ပါကြောင်း၊ ဆင်များကို ကာကွယ်ထိန်းသိမ်းနေသူများအား ကူညီထောက်ပံ့ပေးရန်လည်းလိုအပ်ပါကြောင်း၊ ဆင်နှင့်ပတ်သက်၍ အသိပညာပေးမှု မြှင့်တင်ရန်အတွက် မီဒီယာ၊ စာစောင်၊ ဖေ့စ်ဘွတ်စသည်တို့တွင် ကွန်ရက်ပြုလုပ်၍ အသိပေးခြင်း၊ ကျူးလွန်သူများကို နေရာဒေသအလိုက် သတင်းပေးခြင်း၊ အလွတ်သဘောစုံစမ်းစစ်ဆေးခွင့်ရှိရန်နှင့် ဆက်သွယ်တိုင်ကြားရမည့်နေရာကို လူအများသိရန် အသိပေးခြင်းတို့ဖြင့် ဆင်များကို အကူအညီပေးရမည် ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းက အိမ်မွေးဆင်များကို တောထဲသို့ ပြန်လွှတ်ခြင်းများကိုလည်း စနစ်တကျ ပြန်လုပ်ရန် လိုအပ်ပါကြောင်း၊ ဆင်နှင့် တောရိုင်းတိရစ္ဆာန်များသာမက သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကို တရားမဝင်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများကိုလည်း ကြပ်ကြပ်မတ်မတ် တားဆီးအရေးယူရန် လိုအပ်ပါကြောင်း၊ သစ်တောဝန်ထမ်းများ၏ အရေအတွက်နှင့် အရည်အသွေးများကို မြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ သစ်တောဝန်ထမ်းများ၏လိုအပ်သည့် သင်တန်း၊ နည်းပညာဗဟုသုတ၊ ခေတ်မီလက်နက်ကိရိယာများကို တပ်ဆင်ပေးရန်လိုအပ်ပါကြောင်း။

## ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များအတွက် သဘာဝဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ စနစ်တကျ လုပ်ဆောင်ပေးရန် လိုအပ်

ထို့ပြင် ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များအတွက် သဘာဝဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ လုံလုံလောက်လောက် ကျယ်ကျယ်ဝန်းဝန်း စနစ်တကျ လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သစ်တောနှင့် ဆက်စပ်ဌာနများဖြစ်သည့် ပြည်ထဲရေးနှင့် တရားရေးအပိုင်းကလည်း ဖမ်းဆီးခြင်း၊ အရေးယူအပြစ်ပေးခြင်းများကို ဥပဒေအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါကြောင်း၊ ဆင်နှင့် တောရိုင်းတိရစ္ဆာန်များ၏ အရေးကြီးမှုကို ပြည်သူများ သိရှိနိုင်ရန် ရေဒီယို၊ ရုပ်သံ သတင်းမီဒီယာများမှ ထုတ်ပြန်ပေးပြီး လူအများအာရုံစိုက်မှု တိုးမြှင့်စေရန်အတွက် မြန်မာ့ဆင်နှင့်တောရိုင်းတိရစ္ဆာန်များနှစ်အဖြစ် နှစ်တစ်နှစ်ကို သတ်မှတ်ပြီး ပြည်သူနှင့် ကမ္ဘာသိအောင် လုပ်ဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# EDCF ချေးငွေဖြင့် ဆောင်ရွက်မည့် လူစီးတွဲသစ် ၁၀၀ ဝယ်ယူရေးကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၅**

ကိုရီးယားနိုင်ငံ EXIM Bank ၏ EDCF ချေးငွေဖြင့် လူစီးတွဲသစ် ၁၀၀ ဝယ်ယူရေးစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့မီးရထားနှင့် Dawonsys Co.,Ltd. တို့အကြား ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ရှိ State Meeting Room ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ Dawonsys Co.,Ltd. မှ CEO, Mr. Park, Sum Soon၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက အမှာစကား ပြောကြားခဲ့ပြီး Dawonsys Co.,Ltd. မှ CEO, Park, Sum Soon က ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးဦးသူရိန်ဝင်းနှင့် Dawonsys Co.,Ltd. မှ CEO Park, Sum Soon တို့က ကန်ထရိုက်စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

၎င်းလူစီးတွဲ ၁၀၀ ဝယ်ယူပြီး ရောက်ရှိလာပါက မြန်မာ့မီးရထား၏ လိုအပ်သောလမ်းပိုင်းများတွင် ဖြည့်စွက်၍ ခရီးသည်များ သွားလာမှုအဆင်ပြေစေရေး အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၅-၁၂-၂၀၁၈

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၇ | ဒီဂရီစင်တီဂရိတ် |

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအား နည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ကြက်ခြေနီအသိပညာပြန့်ပွားရေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကြက်ခြေနီအသိပညာပြန့်ပွားရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

ကြက်ခြေနီအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တက်ရောက်အမှာစကား ပြောကြားသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)နှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က မြန်မာနိုင်ငံတွင် ကြက်ခြေနီလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်ကတည်းက စတင်၍ အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏ အသင်းခွဲအဖြစ် ဆောင်ရွက်ခြင်းမှ အစပြုခဲ့ပါကြောင်း၊ ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်း (The Burma Red Cross Society) ဟူ၍ အမျိုးသားအသင်းအဖြစ် သီးခြားရပ်တည်နိုင်ခဲ့သည့်အပြင် ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) က အသိအမှတ်ပြုမှုကိုလည်း ရရှိခဲ့ပါကြောင်း၊ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၏ အသင်းဝင် ဖြစ်လာခဲ့ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို လူမှုကရုဏာအသင်းအဖြစ် အမြဲတမ်းရပ်တည်ဆောင်ရွက်နိုင်ရန် "၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေ (1959၊ The Burma Red Cross Act)" ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် ပြင်ဆင်မှုများလည်း ပြုလုပ်ခဲ့ပါကြောင်း။

**မူကြမ်းရေးဆွဲပြီးဖြစ်**

အဆိုပါအက်ဥပဒေသည် နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်လာခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် အခန်းကဏ္ဍများကို ပြောင်းလဲလာသည့်ဒီမိုကရေစီခေတ်စနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အသစ်ရေးဆွဲခဲ့ကြပြီး "မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ" ကို (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၅၂/၂၀၁၅) ဖြင့် လွှတ်တော်ကပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ လိုအပ်ချက်များ ထပ်မံဖြည့်စွက်၍ "မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၁၈/၂၀၁၈) ဖြင့် ပြင်ဆင်နိုင်ခဲ့ပါကြောင်း၊ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ကြက်ခြေနီအမှတ်အသားကို အလွဲသုံးခြင်းမှ ကာကွယ်နိုင်ရန် "ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာဥပဒေ" ကို မူကြမ်းရေးဆွဲပြီးဖြစ်သည့်အတွက် အတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်များက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်းလူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)အပါအဝင် အခြားသောကြက်ခြေနီအသင်းများ၊ အမျိုးသားလခြမ်းနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် "မဟာဗျူဟာ ရည်မှန်းချက်များနှင့် လုပ်ဆောင်ရန်အချက်များ(၂၀၁၆-၂၀၂၀)" ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် များစွာဂုဏ်ယူပါကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ် ပြန်လည်တည်ထောင်ရေးလုပ်ငန်းစဉ်များတွင် ကြက်ခြေနီလှုပ်ရှားမှုများနှင့်အတူ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ ကြက်ခြေနီအခြေခံမူများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည့်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ဝင်များကို လွှတ်တော်မှ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏နာယက နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအား တွေ့ဆုံလမ်းညွှန်မှုများ ပြုခဲ့သည်မှာ အသင်း၏ စေတနာ့ဝန်ထမ်း ဆောင်ရွက်မှုများကို အလေးထားခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပူးပေါင်းပါဝင်မှုနှင့် ပံ့ပိုးကူညီမှုများဖြင့် အသင်း၏ ရည်ရွယ်ချက်များ ပိုမိုပြည့်စုံအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်းအစီအစဉ်ကို ထည့်သွင်းပေးထားသည့်အတွက် အပြန်အလှန်နှီးနှောဖလှယ်မှုများမှတစ်ဆင့် ကြက်ခြေနီဆိုင်ရာ အသိပညာများပြန့်ပွားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

"ဆင်းရဲဒုက္ခများလျော့နည်းသက်သာစေရန်" အတတ်နိုင်ဆုံးကူညီဆောင်ရွက်ရန်ဆိုသည့် ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "လူတိုင်းကိုအမြဲကူညီ နေရာတိုင်းမှာကြက်ခြေနီ (Everywhere for Everyone)" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို နေရာဒေသမရွေးဆောင်ရွက်ပြီး ကြက်ခြေနီလှုပ်ရှားမှုများ ပိုမိုထိရောက်အောင်မြင်မှုရရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် လူမှုကရုဏာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ Senior Advisor ဦးမိုးမြင့်အောင်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)က မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ Senior Management Service Manager ဦးကျော်ဦးခိုင်က အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့က နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက ရခိုင်ပြည်နယ်အတွင်း လူမှုကရုဏာအကျိုးပြုလုပ်ငန်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်ကွန်ရက်ကို အခြေပြုသည့်ဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်၊ ရပ်ကွက်၊ ကျေးရွာ၊ အခြေခံကျောင်းအစရှိသည့် ကြက်ခြေနီအသင်းအဆင့်ဆင့်ဖြင့် လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အသင်းအနေဖြင့် နှစ်စဉ်ပျမ်းမျှလူဦးရေ ငါးသိန်းကျော်ခန့်အတွက် လူမှုကရုဏာ အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း MySoP အဖွဲ့မှ Executive Director နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် MySoP( NIMD/Demo Finland) အဖွဲ့မှ Executive Director, Ms. Helene Catherine e/v Ottrngrat နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် MySoP အဖွဲ့တို့ အကြား ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့မှု၊ MySoP အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးပါတီများအား သင်တန်းပို့ချခြင်း၊ သင်တန်းသားဟောင်းများ တွေ့ဆုံခြင်း၊ ပါတီစုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့အား ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏မူဘောင်အတွင်းမှ MySoP နှင့် International IDEA တို့ ပူးပေါင်းကာ STEP Democracy အစီအစဉ်ဖြင့် Multi Party Academy အဆင့်တိုးမြှင့်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျား/မ တန်းတူညီမျှရေးဆိုင်ရာကိစ္စရပ်များတွင် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# "In the mood for Love" ရုပ်ရှင်ဇာတ်ကားအား ခွဲခြမ်းစိတ်ဖြာလေ့လာကြမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာက စီစဉ်ပြုလုပ်သော **"ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း"** ကို ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ဒီဇင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်ပြီး Romantic Drama အမျိုးအစားဖြစ်သည့် ဒါရိုက်တာ Wong Karwai's ၏ "In the mood for Love" ရုပ်ရှင်ဇာတ်ကားကို ပြသလေ့လာကြမည်ဖြစ်ပြီး ၎င်းဇာတ်ကားသည် ၂၀၀၀ ပြည့်နှစ်တွင် Golden Horse Film Festival and Awards ၌ မင်းသမီး Maggie Cheung သည် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် Hong Kong Film Critics Society Awards ၌ အကောင်းဆုံး ဒါရိုက်တာဆုနှင့် Film Of Merit ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် National Society of Film Critics(USA) ၌ အကောင်းဆုံးနိုင်ငံခြားရုပ်ရှင်ဆုနှင့် အကောင်းဆုံး ဓာတ်ပုံဆုအားလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း၊ မင်းသား Tony Leung သည် ကိန်းရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုများစွာ အသီးသီး ရရှိခဲ့သဖြင့် ၎င်းဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Actor in Film) ကို ဇာတ်ညွှန်းရေးဆရာ ဒေါက်တာအောင်မင်းက သုံးသပ်ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို **"မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ခြင်း"** ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အစီရင်ခံရန် တာဝန်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန၏ ပထမတာဝန်တစ်ခုဖြစ်သည့် အများပြည်သူကို သတင်းအချက်အလက်ပေးရေးအနေဖြင့် အစိုးရ၏ ပုံနှိပ်မီဒီယာနှင့် ရုပ်သံမီဒီယာများသည် အစိုးရနှင့် အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့်တာဝန်ကို အဓိက ထမ်းဆောင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်ရန် ကြိုးပမ်းနေသည့်နိုင်ငံဖြစ်ပါကြောင်း၊ ယနေ့လွှတ်တော်သည် အဓိကအားဖြင့် ပြည်သူကရွေးကောက်ပြီး အစိုးရသည် လွှတ်တော်မှတစ်ဆင့် ပြည်သူ့အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်နှင့် အစိုးရအဖွဲ့အနေဖြင့် ၎င်းကိုရွေးချယ် ခန့်အပ်လိုက်သည့် ပြည်သူကို မိမိတို့နိုင်ငံနှင့် ပြည်သူအတွက် မိမိတို့ ဘာတွေဆောင်ရွက်ပေးနေသည်ဆိုသည့်အကြောင်းကို အစီရင်ခံရန် တာဝန်ရှိပါကြောင်း။

ယင်းတာဝန်ကို ယနေ့အစိုးရပိုင်ဟု ပြောနေသည့် မီဒီယာများက ထမ်းဆောင်ပေးနေခြင်းဖြစ်ပါကြောင်း၊ နောင်လာမည့် အစိုးရများသည်လည်း ပြည်သူနှင့် ဆက်သွယ်မည့် မီဒီယာများသည် ယခုပုံစံအတိုင်းဖြစ်စေ၊ နောင်ခေတ်ကာလများအလျောက် ပြောင်းလဲလာမည့် ပုံသဏ္ဌာန်များအရဖြစ်စေ ရှိနေကြမည်ဟု မြင်ပါကြောင်း။



ဆွီဒင်သံအမတ်ကြီး H.E. Mr. Staffan Herrstrom အမှာစကားပြောကြားစဉ်။

**ကြိုတင်ပြင်ဆင်နိုင်အောင် ဆောင်ရွက်ပေးထား**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရမီဒီယာအပြင် ပုဂ္ဂလိကမီဒီယာများ ဖြစ်ထွန်းပေါ်ပေါက်ရေးကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အပတ်စဉ်ထုတ်သတင်းဂျာနယ်များ၊ နေ့စဉ်ထုတ်သတင်းစာများ စတင်ထုတ်ဝေခွင့်ပြုခဲ့ပါကြောင်း၊ ဒီဘက်ခေတ်တွင် ရုပ်သံလိုင်းသစ်များ တိုးချဲ့ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ Community Radio တစ်ခု စမ်းသပ်ထုတ်လွှင့်နိုင်အောင် စီစဉ်ပေးထားပါကြောင်း၊ ယင်းတို့မှာ သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေစသည့် ခိုင်မာသည့်အခြေခံများ မပေါ်ပေါက်သေးမီ နောင်တိုးတက်ပြောင်းလဲလာမည့် အနေအထားများအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်နိုင်အောင် ဆောင်ရွက်ပေးထားခြင်းများဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း သတင်းသမားများ အဖန်တလဲလဲ ပြောဆိုနေသည့် Access to Information အတွက် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ညှိနှိုင်းစီစဉ်ပေးခြင်းများ များစွာရှိခဲ့ပါကြောင်း၊ လက်ရှိအနေအထားထက် တိုးတက်မှုရရန်အတွက် သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာ အဖွဲ့အစည်းများဘက်ကလည်း အပြန်အလှန်ယုံကြည်မှုတိုးတက်အောင် တည်ဆောက်ပေးကြပါ၊ မိမိတို့ကလည်း ဆက်လက်ဆောင်ရွက်ပေးပါမည်ဟု ဤနေရာတွင် ထပ်လောင်းပြောဆိုလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လို**

ဆက်လက်ပြီး ယနေ့ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး မိမိကို အနည်းငယ်ဆွေးနွေးခွင့် ပြုစေလိုပါကြောင်း၊ အကြောင်းအရာခေါင်းစဉ်များသည် အင်မတန်စိတ်ဝင်စားစရာကောင်းပါကြောင်း၊ နားထောင်ချင်စရာ၊ ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးချင်စရာများ ဖြစ်ပါကြောင်း၊ ယင်းတို့အထဲမှ အဓိကတစ်ချက်ကို ဆွေးနွေးလိုပါကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သို့မဟုတ် စာနယ်ဇင်းလွတ်လပ်ခွင့်(Freedom of Expression , Freedom of the Press)ဆိုသည့် အကြောင်းအရာဖြစ်ပါကြောင်း၊ ယင်းသည် စာနယ်ဇင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း တိုက်ရိုက်သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့စိတ်ဝင်စားပါကြောင်း၊ ထို့အတွက်လည်း ဆောင်ရွက်ချင်သည့်ဆန္ဒ အမြဲရှိပါကြောင်း၊ ပြည်တွင်းမီဒီယာအဖွဲ့အစည်းများ ၊ နိုင်ငံတကာမီဒီယာဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံတိုင်းလည်း ပူးပေါင်းဆောင်ရွက်လိုသည့်အကြောင်းကို မိမိတို့ပြောပါကြောင်း။



မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ယူနက်စကိုရုံးမှ Ms. Min Jeong Kim အမှာစကားပြောကြားစဉ်။

**လေ့လာသုံးသပ်ပြီးပြောစေလို**

သို့သော် နှစ်နှစ်ကျော်ကာလအတွင်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခွင့် မရခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် မီဒီယာလွတ်လပ်ခွင့် ကင်းမဲ့နေသယောင်၊ အခုနောက်ပိုင်း ပိုပြီးပြောဆိုလာသည်မှာ ယခင်ကထက်ပိုမိုဆုတ်ယုတ်နေသယောင် ပြောဆိုနေခြင်းများ ကြားရပါကြောင်း။

ထိုသို့ပြောဆိုနေသူများကို မိမိအကြံပြုချင်ပါကြောင်း၊ အပြစ်တင်ရရင် ပြီးရောဆိုသည့်သဘောဖြင့် သိမ်းကျုံးပြီး မပြောစေလိုပါကြောင်း၊ တိတိကျကျ လေ့လာသုံးသပ်ပြီး ပြောစေလိုပါကြောင်း၊ သို့မှသာ မိမိတို့အတွက်လည်း စဉ်းစားဆင်ခြင်စရာရှိတာကို စဉ်းစားဆင်ခြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဥပမာ အရင်ကထက်ပိုဆိုးလာသည်ဆိုခြင်းနှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ် စာပေစိစစ်ရေးစနစ် ရုပ်သိမ်းပြီး သုံးနှစ်တာကာလတွင် မြန်မာစာနယ်ဇင်းများမှာ အစိုးရအကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ အစိုးရလုပ်ငန်းများနှင့် ပတ်သက်ပြီး ဘယ်အတိုင်းအတာအထိ လွတ်လွတ်ကျွတ်ကျွတ် ဝေဖန်ရေးသားခဲ့ကြတာရှိသလဲ၊ စာနယ်ဇင်းများတွင် ဘယ်လောက်များများပြားပြားပါခဲ့သလဲ၊ ဒီဘက်ခေတ် နှစ်နှစ်ခွဲကာလတွင် ဘယ်လောက်အတိုင်းအတာအထိ၊ ဘယ်လောက်များများစားစား ရေးနေကြသလဲဆိုသည်ကို နှိုင်းယှဉ်သုံးသပ်စေချင်ပါကြောင်း၊ အဲဒီလိုသုတေသနလုပ်ဖို့ဆိုရင်တော့ ဘက်မလိုက်ဘူးဟု ယူဆရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းငှားပြီး သုတေသနလုပ်ခိုင်းကြည့်ပါ၊ ထိုအခါတွင် မိမိတို့အားလုံး အခြေအနေမှန်ကို သိရလိမ့်မည်ဟု ပြောလိုပါကြောင်း။

**ဘာတွေနဲ့ ချိန်ထိုးတိုင်းတာသလဲ**

ဘက်မလိုက်ဘူးဟုယူဆရသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းဆိုတာ ပြောရခြင်းမှာလည်း အကြောင်းရှိပါကြောင်း၊ မိမိယခုစာအုပ်တစ်အုပ် ဖတ်ရပါကြောင်း၊ စာအုပ်သည် မီဒီယာလွတ်လပ်ခွင့်အကြောင်းဖြစ်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့် အညွှန်းကိန်းများ Media Freedom Indices ဖြစ်၍ စိတ်ဝင်စားပါကြောင်း၊ ထုတ်ဝေသည်မှာ DW Akademie က ဖြစ်ပါကြောင်း၊ မိမိတို့နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်း ဖြစ်ပါကြောင်း၊ စာအုပ်ပြုစုသူမှာ Laura Schneider ဟု ဖော်ပြထားပါကြောင်း။

မိမိအနေဖြင့် မိမိတို့တိုင်းပြည်၏ မီဒီယာလွတ်လပ်ခွင့်အဆင့်အတန်းကို ဘာတွေနဲ့ ချိန်ထိုးတိုင်းတာသလဲ၊ ဘယ်လိုခွဲခြမ်းစိစစ်ပြီး အမှတ်ပေးသလဲဆိုတာကို သိချင်ပါကြောင်း၊ ယင်းသို့သိမှသာ မိမိတို့အဆင့် တိုးတက်အောင် ဘာတွေဘယ်လိုလုပ်ရမလဲ၊ ဘယ်နေရာတွေမှာ ပြုပြင်ပြောင်းလဲရမလဲ တိတိကျကျသိပြီး မိမိတို့ တကယ်လက်တွေ့လုပ်နိုင်မည်ဟု မြင်၍ဖြစ်ပါကြောင်း၊ စာအုပ်ခေါင်းစဉ်အောက်တွင် ဒုတိယခေါင်းစဉ် သို့မဟုတ် Subtitle ပါပါကြောင်း၊ ယင်းမှာ What They Tell Us – And What They Don't . ဖြစ်ပါကြောင်း၊ အညွှန်းကိန်းကောက်သူများ ဘာတွေပြောပြီး ဘာတွေချန်ထားသလဲဟု သဘောပေါက်ပါကြောင်း၊ အဲဒီမှာ ပို၍စိတ်ဝင်စားသွားပါကြောင်း။

ယင်းစာအုပ်ပြုစုသူက နိုင်ငံတကာ စာနယ်ဇင်းလွတ်လပ်ခွင့်အညွှန်းကောက်သည့်အဖွဲ့ ငါးဖွဲ့၏ အချက်အလက်ကောက်ယူပုံ၊ ကောက်ယူနည်းနှင့် ယင်းအပေါ်ခွဲခြမ်းစိစစ်သုံးသပ်ပုံများအကြောင်း သုတေသနပြုထားခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာမှာ ထင်ရှားသည့်အဖွဲ့ကြီး ငါးဖွဲ့ဖြစ်ပါကြောင်း၊ စာအုပ်ထဲတွင် တစ်ဖွဲ့ချင်း၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး သုံးသပ်ထားသည်များကို ဖတ်ကြည့်သည့်အခါ မိမိမျှော်လင့်မထားသည့် စကားလုံးတစ်လုံး နေရာအနှံ့အပြားတွင် တွေ့ရပါကြောင်း၊ ယင်းစကားလုံးမှာ b – i – a – s - bias ဖြစ်ပြီး မြန်မာလိုရိုးရိုးပြောရလျှင် "ဘက်လိုက်မှု"ဟူ၍ဖြစ်ပါကြောင်း။

**မေးခွန်းထုတ်ထား**

ထိုစာအုပ်၏ နိဒါန်းတွင် စာရေးသူက မီဒီယာအညွှန်းကိန်းများ စစ်တမ်းကောက်ယူသူများနောက်တွင် ဘယ်အဖွဲ့အစည်းတွေရှိသလဲ၊ သူတို့ကို ဘယ်လိုငွေကြေးထောက်ပံ့သလဲ၊ ဘာရည်ရွယ်ချက်နဲ့ ဒါတွေလုပ်သလဲဆိုပြီး မေးခွန်းထုတ်ထားပါကြောင်း၊ ပြီးတော့မှ ဒီအတွက် ပြန်ပြီးတော့ အဖြေပေးထားတာရှိပါကြောင်း။

သုတေသနပြုသည့် အဖွဲ့အစည်းများသည် နိုင်ငံတကာမီဒီယာများကို လေ့လာသုံးသပ်အကဲဖြတ်ပြီး အဆင့်အမှတ် သတ်မှတ်ပေးနေသူများဖြစ်ပါကြောင်း၊ မီဒီယာများ၏ အထက်ကရှိနေသူများ၊ အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ သို့သော် သူတို့ကိုယ်တိုင် သူတို့ကိုထောက်ပံ့သည့် ငွေရှင်ကြေးရှင်အဖွဲ့အစည်းများ၏ ဩဇာမှ မလွတ်ကင်းနိုင်ဘူးဆိုလျှင် အောက်အဆင့်များတွင်ရှိသော မီဒီယာတစ်ခုချင်းသည်ကော ဘယ်လိုရှိမလဲ စဉ်းစားစရာရှိကြောင်း။

မိမိတို့က Editorial Independence ဟု ပြောပါကြောင်း၊ သို့သော် အယ်ဒီတာက ဘယ်လောက်လွတ်လပ်ခွင့်ရှိပါသလဲ၊ အယ်ဒီတာသည် ထုတ်လုပ်သူ၏သဘောကို လွန်ဆန်နိုင်သလား၊ ထုတ်လုပ်သူကရော ငွေကြေးပံ့ပိုးသည့် ကြော်ငြာရှင်ကို လွန်ဆန်နိုင်သလား၊ Editorial Policy သည် ဘယ်သူ့လက်ထဲတွင် ရှိသလဲ၊ အဲဒီအခါ Freedom of the Press, Freedom of Expression ဆိုတာ ဘယ်သူ့မှာ ရှိသွားသလဲ။

**အားထုတ်ရမည်**

Joe Liebling ဆိုသည့် အမေရိကန်မှ ထင်ရှားသည့် သတင်းစာ ဆရာကြီးတစ်ဦးကတော့ Freedom of the press is guaranteed only to those who own one. "သတင်းစာတိုက်ပိုင်သည့်လူပဲ စာနယ်ဇင်းလွတ်လပ်ခွင့်(လွတ်လပ်စွာရေးသားခွင့်)ရဖို့ အာမခံနိုင်တာပါ" ဆိုသည့် သဘော ပြောဖူးပါကြောင်း။

မိမိတို့က လွတ်လပ်စွာ ရေးသားခွင့်ဆိုပြီးပြောသည့်အခါ အစိုးရများ၏အချုပ်အချယ်က ကင်းလွတ်ရန်ဆိုတာကို အာရုံထားပြီးပြောကြပါကြောင်း၊ ဒါလည်း အရေးကြီးပါကြောင်း၊ သို့သော် စာနယ်ဇင်းသမားများအနေဖြင့် မိမိတို့ကို ငွေကြေးအရ လွှမ်းမိုးသူများ၏ ဩဇာအောက်က လွတ်မြောက်ရန်ကိုလည်း အားထုတ်ရမည်ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့ Media Literacy ဟု ပြောသည့်အခါ အများပြည်သူကို သို့မဟုတ် ကိုယ့်ထက်အတွေ့အကြုံနုနယ်သေး၊ ငယ်ရွယ်သေးသည့်သူများကို မီဒီယာအကြောင်း နားလည်ပါးလည်ရှိဖို့ မအဖို့ပြောသည့်အခါ ထိုအကြောင်းအရာရေးသားသည့်၊ ဖော်ပြသည့် မီဒီယာတစ်ခုသည် ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းက ပိုင်ဆိုင်ထားသလဲ၊ ထောက်ပံ့ထားသလဲ၊ ဩဇာလွှမ်းမိုးထားသလဲ၊ သူတို့သဘောထား၊ သူတို့ရပ်တည်ချက်က ဘာလဲဆိုတာတွေပါ ဖော်ထုတ်ပြောဆိုသင့်သည်ဟု ထင်ပါကြောင်း။

**အလေးအနက်ပြု ဖော်ပြထား**

UNESCO ၏ Media Development Indicators များထဲတွင်လည်း Transparency of Ownership ဘယ်သူပိုင်သလဲဆိုတာသိဖို့ အရေးကြီးကြောင်း၊ အဲဒီနေရာမှာ ပွင့်လင်းမြင်သာမှုရှိဖို့လိုကြောင်း အလေးအနက်ပြု ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပုဂ္ဂိုလ်နှစ်ဦး၏စကားကို ကိုးကားလိုပါကြောင်း၊ ပထမတစ်ခုမှာ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်(ဆရာထက်မြက်)၏ စကားဖြစ်ပါကြောင်း၊ မကြာမီက အင်တာဗျူးတစ်ခုတွင် ဆရာထက်မြက်က "သတင်းသမားတွေအနေနဲ့ ဘာရှိသင့်သလဲဆိုတော့ နိုင်ငံအပေါ်၊ နိုင်ငံရဲ့အရေးအပေါ် လေးနက်မှုရှိဖို့လိုတယ်၊ နိုင်ငံကိုချစ်တဲ့စိတ်နဲ့ အမျိုးသားရေးစိတ်လည်း ရှိဖို့လိုလိမ့်မယ်"ဟု ပြောကြားခဲ့ပါကြောင်း၊ မိမိနှင့် သဘောထားချင်းတူပါကြောင်း။

ဂျာနယ်လစ်တစ်ဦးသည် အများပြည်သူကို မှန်ကန်သော သတင်းအချက်အလက်ပေးရန် တာဝန်ရှိပါကြောင်း၊ ယင်းမှာ သတင်းသမားတစ်ဦးအနေဖြင့် သူ၏ အရေးကြီးသော တာဝန်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် သူသည် နိုင်ငံသားတစ်ဦး ဖြစ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံချစ်စိတ်၊

**စာမျက်နှာ ၉ သို့** »»

# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် Monarex Hollywood Cooperation မှ Documentary Video Clip လာရောက်ရိုက်ကူးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအလှအပများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ချစ်စရာကောင်းသော ဓလေ့စရိုက်များအား ကမ္ဘာက ပိုမိုသိရှိလာစေရေးနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ Documentary Video Clip ရိုက်ကူးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ Monarex Hollywood Cooperation မှ President Mr. Chris D.Nebe နှင့် တာဝန်ရှိသူများ၊ Mysterious China Series Document Films ၊ Myanmar Project နှင့် Yangon Media Group Co.,Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး Yangon Media Group Ltd မှ Managing Director ဦးဇော်ဝင်းခိုင်က Documentary Video Clip ရိုက်ကူးရေးနှင့် ပတ်သက်သည့်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးအုန်းမောင်တို့က မြန်မာနိုင်ငံခရီးသွားမြှင့်တင်သည့် Documentary Video Clip ရိုက်ကူးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ဖင်လန်နိုင်ငံ (၁၀၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ဖင်လန်နိုင်ငံ၏ (၁၀၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီး ဒေါ်ခင်ဌေးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E. Ms. Riikka Johanna Laatu နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဖင်လန်နိုင်ငံ မသန်စွမ်းအဖွဲ့၏ သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖင်လန်နိုင်ငံသံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

»»» **စာမျက်နှာ ၈ မှ**

နိုင်ငံကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်များလည်း သူ့မှာရှိရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း။

**အချက်ငါးချက် ဆန္ဒပြုပြောဆိုခဲ့**

ဒုတိယနှင့် နောက်ဆုံးကိုးကားခြင်းဖြစ်သော်လည်း အရေးကြီးဆုံး ကိုးကားလိုသည့်စကားမှာ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် စကားဖြစ်ပါကြောင်း၊ မိန့်ခွန်းနိဂုံးတွင် သမ္မတကြီးက သတင်းမီဒီယာသမားများအတွက် အချက်ငါးချက် ဆန္ဒပြုပြောဆိုခဲ့ပါကြောင်း၊ ထိုငါးချက်ထဲမှ ပထမလေးချက်သည် သတင်းမီဒီယာသမား၏ ရပိုင်ခွင့်၊ တာဝန်တို့နှင့် သက်ဆိုင်ပါကြောင်း၊ ပဉ္စမအချက်သည် သတင်းမီဒီယာသမားအနေဖြင့် နိုင်ငံသားတစ်ဦးအဖြစ် ဆောင်ရွက်ပေးစေလိုသည့် ဆန္ဒကို ဖော်ပြခြင်းဖြစ်ပါကြောင်း၊ သမ္မတကြီးက **“နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ ကျွန်တော်တို့အား မွေးဖွားပေးလိုက်တဲ့ အမိနိုင်ငံတော်ရဲ့ ပုံရိပ်မြင့်မားလာအောင်၊ ကျွန်တော်တို့နိုင်ငံသားများရဲ့ ဂုဏ်သိက္ခာ ပိုမိုမြင့်တက်လာအောင် သတင်းမီဒီယာရဲ့ စွမ်းအားနဲ့ ပံ့ပိုးပေးနိုင်ကြပါစေ”** ဟု အလေးအနက်ပြောဆိုခဲ့သည်ကို မိမိအနေဖြင့် ထပ်လောင်းကိုးကား ဖော်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)မှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး H.E. Mr. Staffan Herrstrom တို့က အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရာ ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမှ လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ရေးသားခွင့်နှင့် သတင်းအချက်အလက်များ လွတ်လပ်စွာရယူခွင့်သို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရုပ်/သံလွှင့်မီဒီယာများ၊ ဥပဒေ၊ နည်းဥပဒေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မီဒီယာနှင့် သတင်းသမားများ၏ လုံခြုံရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒစ်ဂျစ်တယ်ကူးပြောင်းသည့် အခင်းအကျင်းတွင် ပြည်တွင်းမီဒီယာများ ရှင်သန်ရပ်တည်ရေးနှင့် ရေရှည်တည်တံ့ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

**ကျင်းပခဲ့**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံများကို ခြောက်ကြိမ်ကျင်းပပြီးစီးခဲ့ပြီး ပထမအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် မတ် ၁၉ ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၃ ခုနှစ် မေ ၂၀ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ ပဉ္စမအကြိမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ လည်းကောင်း၊ ဆဋ္ဌမအကြိမ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။

ညပိုင်းတွင် ညီလာခံတက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**

## ရထားပေါ်မှ ဆင်းကျန်ခဲ့သည့် ကလေးငယ်အား မိခင်ဖြစ်သူထံ ပြန်လည်အပ်နှံ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ထုံးဘိုရှေ့ရပ်ကွက် ပြည်လမ်းမှ ဦးမင်းမင်း-ဒေါ်နှင်းမြတ်သူတို့၏သား လေးနှစ်အရွယ် မောင်ဇင်မင်းသူသည် အမှတ်(၁၇၆) အစုန် မော်လမြိုင်-ရန်ကုန်ရထားတွင် မိခင်ဖြစ်သူနှင့်အတူ စီးနင်းလိုက်ပါလာပြီး ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက ပဲခူးဘူတာသို့ ဆိုက်ရောက်စဉ် မိခင်ဖြစ်သူ အိပ်ပျော်နေ၍ ကလေးငယ်မှာ ပဲခူးဘူတာတွင် ဆင်းကျန်ခဲ့သဖြင့် ပဲခူးဘူတာရဲစခန်းမှ ခေါ်ယူထိန်းသိမ်းထားပြီး မိခင်ဖြစ်သူထံ ဆက်သွယ်အကြောင်းကြား၍ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မောင်ဇင်မင်းသူအား စခန်းမှူး ရဲအုပ် ကျော်တင်ဦးနှင့်အဖွဲ့က မိခင်ဖြစ်သူ ဒေါ်နှင်းမြတ်သူထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ်(I-20)



ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီအတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားသည်။ **သတင်းစဉ်**

# ကျွန်တော်တို့ပြည်တွင်းထုတ်ကုန်တွေဟာ ပြည်ပကတင်သွင်းတဲ့ပစ္စည်းတွေနဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့အတွက် အရည်အသွေးပိုင်းမှာ အပြည့်အဝ အာမခံနိုင်ပါတယ်

Proven Group of Co., မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးစကားဝိုင်း ကျင်းပ

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစီးပွားရေးစကားဝိုင်းတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်၊ United Paints Group of Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်၊ Proven Group of Co., မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်တို့က နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်နေမှုများ၊ ကောက်ခံသည့်အခွန်အမျိုးအစားနှင့် တစ်နှစ်အတွင်းကောက်ခံရရှိသော အခွန်ငွေပမာဏ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အကောက်ခွန်ဦးစီးဌာနမှပါဝင်သည့် အခန်းကဏ္ဍ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်နေမှုများ၊ SMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကြံပြုချက်များ၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအပေါ် ဆွေးနွေးကြသည်။**

ရေး-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ပြည်တွင်းကထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးပိုင်းက ပြည်ပသွင်းကုန်တွေရဲ့ အရည်အသွေးကိုမီအောင် ထုတ်လုပ်နိုင်မှု ရှိ၊ မရှိအပေါ် ကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။ ဦးသန်းထိုက်လွင်က အရင်ဆွေးနွေးပေးပါဦး။**

**ဦးသန်းထိုက်လွင်။** ။ကျွန်တော်တို့ ပြည်တွင်းထုတ်ကုန်တွေရဲ့ အရည်အသွေးကို တင်ပြလိုပါတယ်။ ပြည်တွင်းမှာ နိုင်ငံတကာအဆင့်မီ၊ အရည်အသွေးမီထုတ်ကုန်တွေ ရှိပါတယ်။ ကျွန်တော်ဆိုရင်လည်း ယာဉ်၊ စက်သုံးဘက်ထရီ လိုအပ်ချက်အပေါ် ဖြည့်ဆည်းဖို့ စက်စွမ်းအားအသင့်ရှိပြီးဖြစ်သလို အရည်အသွေးပြည့်မီပြီး အာမခံချက်ရှိသော ဘက်ထရီနှင့် ဆက်စပ်ခဲကုန်ကြမ်းတွေကို ပြည်ပကိုတင်ပို့နေတဲ့လုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိပါတယ်။ ဦးအေးဟန်တို့ရဲ့ UPG ဆိုရင်လည်း နိုင်ငံတကာအဆင့်မီ အိမ်သုတ်ဆေးတွေကို ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်အခိုင်အမာရရှိနေပြီ ဖြစ်ပါတယ်။

အဲဒီလိုပဲ ဒေါက်တာအောင်ဇော်ရဲ့ ဆေးဝါးထုတ်လုပ်ရေးစက်ရုံအနေနဲ့လည်း နိုင်ငံတကာအဆင့်မီစက်ပစ္စည်းတွေနဲ့ အရည်အသွေးပြည့်မီတဲ့ ပစ္စည်းတွေကို ထုတ်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်တွင်းထုတ်ကုန်တွေဟာ ပြည်ပက တင်သွင်းတဲ့ပစ္စည်းတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့အတွက် အရည်အသွေးပိုင်းမှာ အပြည့်အဝအာမခံနိုင်ပါတယ်။

**အစီအစဉ်မှူး။ ။ဒေါက်တာအနေနဲ့ရော အခုဆွေးနွေးသွားတဲ့အပေါ်မှာ ဒေါက်တာအမြင်လေး ထပ်မံဆွေးနွေးပေးပါဦး။**

**ဒေါက်တာအောင်ဇော်။** ။ကျွန်တော့်အနေနဲ့ တစ်ခုလောက် ထည့်သွင်းဆွေးနွေးလိုတာကတော့ ဆေးဝါးပစ္စည်းတွေအပါအဝင် လူသုံးကုန်နဲ့ စားသောက်ကုန်ပစ္စည်းတော်တော်များများက နယ်စပ်ဒေသတွေကနေ တရားမဝင်တင်သွင်းနေတာတွေ များပြားတဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ များစွာထိခိုက်နစ်နာရသလို စားသုံးသူ ပြည်သူလူထုကလည်း အရည်အသွေးမမီတဲ့ပစ္စည်းတွေကို သုံးစွဲနေရတဲ့အတွက် ကျန်းမာရေးထိခိုက်တာမျိုး၊ ဆုံးရှုံးနစ်နာတာမျိုးတွေအပြင် နိုင်ငံတော်အနေနဲ့လည်း အခွန်ဘဏ္ဍာငွေများစွာ နစ်နာမှုရှိတာကြောင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။တရားမဝင် ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အကောက်ခွန်ဦးစီးဌာနအနေနဲ့ ဆောင်ရွက်နေတာလေး




တွေရှိပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က အသေးစိတ် ဆွေးနွေးပေးပါလိမ့်မယ်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်။** ။တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဆွေးနွေးပေးလိုပါတယ်။ တရားမဝင်ကုန်သွယ်မှုဖြစ်ရတဲ့ အကြောင်းရင်းများစွာ ရှိတဲ့အထဲက အဓိကကျတဲ့အချက်တချို့ကို ပြောရမယ်ဆိုရင် တင်သွင်းသူ၊ တင်ပို့သူတချို့တွေဟာ အခွန်ရှောင်တိမ်းလိုတာမျိုး၊ တန်ဖိုးတွေကို လျှော့ပြတာမျိုးလုပ်ကြပြီး တင်သွင်း၊ တင်ပို့ခြင်းဆိုင်ရာ ခွင့်ပြုချက်တွေနဲ့ပတ်သက်ပြီး ကန့်သတ်ချက်များနေတာမျိုးတွေအပြင် ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားမြင့်မားနေပြီး မြန်မြန်ဆန်ဆန် တင်သွင်းနိုင်ဖို့ ဆောင်ရွက်ခြင်းမျိုး၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို မကျင့်သုံးလိုတာမျိုး၊ မိမိအကျိုးစီးပွားတစ်ခုတည်းကိုကြည့်ပြီး ဆောင်ရွက်တာမျိုး၊ တချို့ကုန်စည်တွေက ကိုယ့်နိုင်ငံဘက်မှာ တရားဝင်ဖြစ်သော်လည်း တစ်ဖက်မှာ တရားမဝင် ဖြစ်နေတာမျိုး၊ တချို့ကုန်စည်တွေက ကိုယ့်နိုင်ငံဘက်မှာ တရားမဝင်ဖြစ်သော်လည်း တစ်ဖက်တွင် တရားဝင် ဖြစ်နေတာမျိုး၊ တရားမဝင်ကုန်သွယ်မှု အဓိကဆောင်ရွက်တဲ့ မူဆယ်၊ မြဝတီ ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ တရားဝင်လမ်းကြောင်းထက် တရားမဝင်လမ်းကြောင်းများနေပြီး နယ်မြေစိုးမိုးရေးအခြေအနေအရ ထိန်းချုပ်နိုင်မှုမရှိတာမျိုးတွေ၊ ကုန်သွယ်မှုကဏ္ဍမှာ အဓိကဆောင်ရွက်နေတဲ့ ကုမ္ပဏီနဲ့ ဝန်ဆောင်မှုဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ကုန်သွယ်မှုဆိုင်ရာ လေးစားလိုက်နာမှု (Compliance) အားနည်းမှုတွေကြောင့် တရားမဝင်ကုန်သွယ်မှုတွေ ဖြစ်နေရခြင်းဖြစ်ပါတယ်။

တရားမဝင်ကုန်သွယ်မှုအများဆုံးဖြစ်တဲ့နေရာတွေက နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်တွေ ဖြစ်ပါတယ်။ အထူးသဖြင့် မူဆယ်-မန္တလေးလမ်းကြောင်း၊ မြဝတီ-ရန်ကုန်-မန္တလေးလမ်းကြောင်းတွေက အများဆုံးအနေအထားမှာ ရှိပါတယ်။ တရားမဝင်ကုန်သွယ်မှုတွေ တားဆီးထိန်းချုပ်နိုင်ဖို့နဲ့ပတ်သက်ပြီး အကောက်ခွန်ဦးစီးဌာနအနေနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ကာလတို၊ ကာလရှည် မဟာဗျူဟာစီမံချက် (Strategic Plan) တွေ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ကာလတိုဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေထဲမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေရဲ့ စီမံကွပ်ကဲမှုနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ နယ်စပ်စစ်ဆေးရေးစခန်း၊ အမြဲတမ်းစစ်ဆေးရေးစခန်းတွေ ထားရှိစစ်ဆေးတာမျိုးအပြင် ရှောင်တခင်အဖွဲ့တွေ ထားရှိစစ်ဆေးခြင်းတို့နဲ့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ခေတ်မီ X-ray စက်တွေကိုလည်း ရန်ကုန်ဧရိယာမှာ ၁၀ လုံး၊ မူဆယ်နဲ့ မြဝတီမှာ သုံးလုံးတို့နဲ့ စစ်ဆေးဆောင်ရွက်လျက် ရှိနေပါတယ်။ ဒီလို ထိထိရောက်ရောက်ဆောင်ရွက်မှုကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ တားဆီး၊ ဖမ်းဆီးမှုပေါင်း ၃၅၉၅၉ ခု (ခန့်မှန်းတန်ဖိုး ကျပ် ၅၆ ဘီလီယံကျော်)၊ ၂၀၁၈ ဘဏ္ဍာနှစ် Mini Budget မှာ တားဆီး၊ ဖမ်းဆီးမှုပေါင်း ၄၈၆၂ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဘီလီယံကျော်) ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တရားမဝင်ကုန်သွယ်မှုတွေ တားဆီးထိန်းချုပ်ရေးအတွက် ကာလရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအနေနဲ့က နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာထိန်းချုပ်ရေး (Containerization) စနစ်ကို ကျင့်သုံးဖို့ရှိပါတယ်။ ဒီစနစ်ရဲ့သဘောသဘာဝအရ ကုန်ပစ္စည်းတွေကို ကုန်သေတ္တာနဲ့ သယ်ယူပို့ဆောင်စေမှာဖြစ်တဲ့အတွက် တရားမဝင်ပစ္စည်း၊ တရားဝင်ပစ္စည်းများကို အလွယ်တကူ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ ဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ e-Lock (Electronic Lock)နဲ့ တွဲဖက်သုံးရမှာ ဖြစ်ပါတယ်။ Containerization နဲ့ e-Lock တွဲသုံးခြင်းအားဖြင့် ကုန်သေတ္တာတစ်လုံးကို အကောက်ခွန်စစ်ဆေးပြီးရင် e-Lock ပိတ်ပြီး သယ်ယူစေခြင်းဖြင့် ဒီကုန်သေတ္တာသယ်ယူမှုကို ထိန်းချုပ်သွားနိုင်မှာဖြစ်တဲ့အတွက် မသမာမှုဆောင်ရွက်ရန် ခက်ခဲသွားမှာဖြစ်ပါတယ်။

နောက်လုပ်ငန်းစဉ်တစ်ခုကတော့ Single Stop Inspection (တစ်နေရာတည်း၌ တစ်ပြိုင်နက်တည်း နှစ်နိုင်ငံအကောက်ခွန်များ ပူးပေါင်းစစ်ဆေးသည့်စနစ်) ဖြစ်ပါတယ်။ ဒီစနစ်အရ နှစ်နိုင်ငံအကောက်ခွန်ဌာနတွေသည် နှစ်နိုင်ငံနယ်စပ် သတ်မှတ်ထားတဲ့ နေရာတစ်ခုတည်းမှာ တင်သွင်း၊ တင်ပို့တဲ့ပစ္စည်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း နှစ်နိုင်ငံ အကောက်ခွန်များ ပူးပေါင်းစစ်ဆေးအတည်ပြုတဲ့စနစ်ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် တရားမဝင်တင်သွင်း၊ တင်ပို့မှုတွေ လျော့နည်းသွားမယ့်အပြင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုကိန်းဂဏန်းတွေလည်း မှန်ကန်လာမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်က မဲခေါင် (၆) နိုင်ငံ Cross-Border Transport Agreement သဘောတူညီချက်အရ အကောင်အထည်ဖော်သွားရမယ့်လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ အကောင်အထည်ဖော်ဖို့အတွက် မြန်မာ-တရုတ်၊ မြန်မာ-ထိုင်းတို့နဲ့ Bilateral Agreement များ ရေးထိုးဆောင်ရွက်ဖို့ရှိပါတယ်။

နောက်လုပ်ငန်းစဉ်တစ်ခုကတော့ နိုင်ငံတကာလုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ အာမခံကုန်လှောင်ရုံစနစ် (Bonded Warehouse System) ဖြစ်ပါတယ်။ Bonded Warehouse ရဲ့သဘောကတော့ နိုင်ငံတော်မှ တင်သွင်းခွင့်ပြုထားတဲ့ မည်သည့်ပစ္စည်းကိုမဆို ခွင့်ပြုမိန့်မလိုဘဲ တင်သွင်းခွင့်ပြုတဲ့အတွက် Bonded Warehouse ထဲ ထည့်ထားပြီး ပြည်တွင်းသုံးဆောင်ရွက်လိုတဲ့အခါ ခွင့်ပြုမိန့် တောင်းခံပြီး အခွန်ပေးဆောင်ထုတ်ယူတာမျိုး၊ တခြားနိုင်ငံတစ်ခုကို ပေးပို့လိုတဲ့အခါ ခွင့်ပြုချက်ယူပြီး တင်ပို့ခွင့်ပြုတဲ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။

**စာမျက်နှာ ၁၁ သို့**

“မော်တော်ကားပြုပြင်ထိန်းသိမ်းခြင်း အခြေခံသင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း”

မော်တော်ကား တစ်စီးလုံး ၏ ပြုပြင်ထိန်းသိမ်းခြင်း အကြောင်းအရာကို လက်တွေ့ဦးစားပေး စနစ်ဖြင့် GLORY တွင် ဖွင့်လှစ်သင်ကြားပေးပါမည်။

- သင်တန်းအမျိုးအစား - Skills Proficiency Certificate in Basic Automotive Maintenance ၊
- သင်တန်းကာလ - 5 Months ( ၅ လ) ၊
- လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
- သင်တန်းဖွင့်မည့်ရက် - 5 -1 - 2019 (Sat)
- သင်တန်းအပတ်စဉ် - (၁)
- ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် အခြေခံပညာ အလယ်တန်း

- ရုံးချိန် ပြင်ပ သီးသန့် သင်ကြားပေးမည့် သင်တန်းဖြစ်ခြင်း။
- စာတွေ့(၃၀ %) ၊ လက်တွေ့ (၇၀ %)သင်ကြားပေးခြင်း။
- သင်တန်းပြီး သတ်မှတ် လုပ်ငန်းအတွေ့အကြုံ ရှိလျှင် အစိုးရ အသိမှတ်ပြု လက်မှတ် ဖြေဆိုရရှိနိုင်ခြင်း။
- သင်တန်းပြီး သတ်မှတ် ဂျပန်စာအရည်အချင်းရှိပါက ဂျပန်နိုင်ငံ သို့သွားရောက် အလုပ်လုပ်နိုင်ခြင်း။
- သင်တန်းပြီးသူများ ပညာအရည်အချင်း ပြည့်မီပါက ဂျပန်မှ ပေးအပ်မည့် ဒီပလိုမာသင်တန်း ဆက်လက်တက် ရောက်နိုင်ခြင်း။

GLORY
Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
09-73121717 , 09-5197817 www.glory-education.com

# ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်လမ်းအား အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်

**ရန်ကုန်  ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်ကြားရှိ ဗိုလ်အောင်ကျော်လမ်းအား ဒီဇင်ဘာ ၂၀ ရက်တွင် ရှေးဟောင်းအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

"ဗိုလ်အောင် ကျော်လမ်းဆိုတာကလည်း သမိုင်းမှာ ထင်ရှားတဲ့အဖြစ်အပျက်တွေရှိခဲ့တဲ့ နေရာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီအဖြစ်အပျက်တွေကို တော်တော်များများက သိပ်ပြီးမသိကြဘူး။ ဒါတွေနဲ့ပတ်သက်ပြီး ပိုပြီးတော့ လူသိများလာစေချင်တဲ့သဘောနဲ့ ပုံမှန်တပ်ဆင်နေတာ။ အဆောက်အအုံတွေကို အဓိကထား တပ်ဆင်ပါတယ်။ ဒါပေမယ့် လမ်းတစ်ခုအနေနဲ့ ဗိုလ်အောင်ကျော်



လမ်းကို ပထမဆုံးတပ်ဆင်တာပါ"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ စီမံကိန်းအရာရှိ ဦးသူရိန်အောင်က ပြောသည်။

ဗိုလ်အောင်ကျော်သည် ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားတစ်ဦးဖြစ်ပြီး ၁၃၀၀ ပြည့်အရေးတော်ပုံ သပိတ်ဖြစ်ပွားသည့်အချိန်တွင် ရန်ကုန်တက္ကသိုလ် ဂျပ်ဆင်ကောလိပ် စသည့်ကျောင်းများမှ ကျောင်းသားများက ဝန်ကြီးများရုံးဟောင်း(ယခင်အတွင်းဝန်ရုံး)ကို လှည့်ပတ်၍ ဆန္ဒပြကြရာ မြင်းစီးပုလိပ်များက နံပါတ်တုတ်များဖြင့် ဝင်ရောက်ရိုက်နှက်သဖြင့် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရခြင်းဖြစ်ပြီး ၎င်းကျဆုံးချိန်တွင် အသက် ၂၃ နှစ်သာရှိကြောင်း သိရသည်။

"ဝင်ရိုက်တဲ့အခါမှာ ကျောင်းသားတော်တော်များများ အရိုက်ခံရတယ်။ အဲဒီအထဲကမှ ကျောင်းသားတစ်ဦးဖြစ်တဲ့ ကိုအောင်ကျော်က ဆန္ဒပြတဲ့နေ့ (၁၉၃၈) ဒီဇင်ဘာ ၂၀ ရက်နေ့မှာ အရိုက်ခံရတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ကုသမှုခံယူနေရင်း ၂၂ ရက်နေ့မှာ ကျဆုံးသွားတယ်။ ပထမဆုံးကျဆုံးခဲ့တဲ့ ကျောင်းသားတစ်ဦးလို့ ပြောလို့ရတယ်"ဟု ဦးသူရိန်အောင်က ပြောသည်။

ဗိုလ်အောင်ကျော်ရုပ်တုကို ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသားသမဂ္ဂအဆောက်အအုံရှေ့တွင် ထားရှိရာ ဂျပန်ခေတ်တွင် ပျက်စီးခဲ့ပြီး အုတ်တိုင်သာ ကျန်ရှိကြောင်း သိရသည်။ ဗိုလ်အောင်ကျော်လမ်းကို ဒီဇင်ဘာ ၂၀ ရက်တွင် တပ်ဆင်ရခြင်းမှာ သမိုင်းအဖြစ်အပျက်နှင့် ကိုက်ညီခြင်း၊ ဗိုလ်အောင်ကျော်နေ့ဟု သတ်မှတ်ထားခြင်း စသည့် အကြောင်းအရာများကြောင့် ဒီဇင်ဘာ ၂၀ ရက်တွင် တပ်ဆင်ရန် စီစဉ်ထားခြင်းဖြစ်ပြီး အဆိုပါနေ့တွင် အထက(၁)ဗိုလ်တထောင်ကျောင်းကိုလည်း အပြာရောင်ကမ္ပည်းပြားတပ်ဆင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**



## သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန်  ဒီဇင်ဘာ ၅**

ဒီဇင်ဘာ ၂၈ ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပမည့် အသက် ၈၀ နှင့်အထက် စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲအတွက် ကျော်ညွန့်ရည်စာပေမှ ဦးကျော်ညွန့်ရည်၊ ဒေါ်ဝါဝါကျော် ဇနီးမောင်နှံက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာတိုင်းမ်နေ့စဉ် အယ်ဒီတာချုပ်၏ ရုံးခန်း၌ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင်က လက်ခံရယူသည်။ ယခုနှစ်တွင် ကန်တော့ခံ သက်ကြီးစာရေးဆရာကြီးများ ၂၂၀ ရှိကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# သက်ကြီးသတင်းစာပညာရှင် ၁၃၀ အား ပူဇော်ကန်တော့မည်

**ရန်ကုန်  ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) မှ သက်ကြီးသတင်းစာပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

"သတင်းစာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ အသက် ၇၅ နှစ်ပြည့်ပြီးသူ၊ သတင်းစာလုပ်ငန်းကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေသူတို့ကို စနစ်တကျ စာရင်းပြုစုပြီး ဂါရဝပြုနေကြခြင်းဖြစ်ပါတယ်။ ကန်တော့ခံပုဂ္ဂိုလ်ကြီးတွေဟာ နာယကဂုဏ်နဲ့ညီဖို့သာ လိုအပ်ပါတယ်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင်ပင် ဖြစ်ရန်မလိုဟု မူချမှတ်ပြီး ပူဇော်ပွဲကျင်းပနေခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပြောသည်။

အနယ်နယ်အရပ်ရပ်မှာရှိတဲ့ သက်ကြီးသတင်းစာပညာရှင်စာရင်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ် MJA တာဝန်ရှိသူများမှတစ်ဆင့် ချိတ်ဆက်စာရင်းပြုစုထားရှိပြီးပါပြီ။ အဓိကရည်ရွယ်ချက်က စတုတ္ထမဏ္ဍိုင်ပီသရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ လက်ဆင့်ကမ်းတိုက်ပွဲဝင်ခဲ့ကြတဲ့ သက်ကြီးသတင်းစာပညာရှင်တွေ ဆုံစည်းခွင့်ရဖို့ရယ်။ ဒီပညာရှင်တွေကို ပူဇော်ကန်တော့တဲ့အတွက် ဆရာကြီး ဆရာမကြီးတွေလည်း ပီတိဖြစ်ကြမယ်။ သတင်းစာဆရာကြီးတွေရဲ့ ကျေးဇူးကို အသိအမှတ်ပြုလေးစားရာကျတဲ့အပြင် လက်ရှိသတင်းသမားတွေအတွက်ပါ အားဖြစ်စေဖို့ ရည်ရွယ်ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးသာဇော်က ပြောသည်။

ပဉ္စမအကြိမ်မြောက် သက်ကြီးသတင်းစာဆရာများ ပူဇော်ကန်တော့ပွဲတွင် သက်ကြီးသတင်းစာပညာရှင် ၁၃၀ ကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ စေတနာရှင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင်များအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက MJA ရုံးဖုန်း ၀၁-၂၄၉၅၁၉၊ ဦးထွန်းနေစိုး ရန်ပုံငွေရှာဖွေရေးကော်မတီ ဖုန်း- ၀၉ ၅၀၀၉၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

❂ စာမျက်နှာ ၁၀ မှ

ကုန်သွယ်မှုလိုအပ်ချက်အရ ကုန်ပစ္စည်းကို စီမံဆောင်ရွက်နိုင်ခွင့်ရှိသောကြောင့် ဒီစနစ်ကို အကောင်အထည်ဖော်တာဖြစ်လို့ တရားမဝင်ကုန်သွယ်မှုလျော့နည်းသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် နယ်စပ်အကောက်ခွန်စစ်ဆေးရေးစခန်းတွေကို ဘဏ္ဍာငွေခွဲဝေမှုအပေါ် မူတည်ပြီး ဝန်ထမ်းအိမ်ရာ၊ ယာဉ် စစ်စင်၊ X-ray စက်တွေထားရှိပြီး စနစ်တကျစစ်ဆေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်နိုင်ရေးနဲ့ ပတ်သက်ပြီး ထိရောက်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ဖို့ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်နိုင်ရေး မဟာဗျူဟာစီမံချက်တစ်ရပ်ကိုလည်း ထပ်မံရေးဆွဲလျက်ရှိပါတယ်။ ဒီမဟာဗျူဟာစီမံချက်အရ အကောက်ခွန်ဦးစီးဌာနက အဓိကတာဝန်ယူ ဆောင်ရွက်ရမှာဖြစ်ပေမယ့်လည်း သက်ဆိုင်ရာဌာနတွေ၊ ဒေသအာဏာပိုင်တွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုသလို Importer၊ Exporter နဲ့ ဝန်ဆောင်မှုဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် တရားမဝင်ကုန်သွယ်မှု လျော့နည်းသွားနိုင်မယ်လို့ သုံးသပ်မိပါတယ်။

**အစီအစဉ်မှူး။ ။အခုလို ဝိုင်းဝန်းဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခု စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးခဲ့မှုအပေါ် အကောက်ခွန်ဦးစီးဌာနအနေနဲ့ အမြင်လေးပြန်လည်ဆွေးနွေးပေးပါဦး။**

**ညွှန်ကြားရေးမှူးချုပ်။** ။အဓိကတော့ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်လုပ်ငန်းတွေ အဆင်ပြေချောမွေ့နေရုံနဲ့ မပြီးပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ သွင်းကုန်အားထားရတဲ့နိုင်ငံဖြစ်နေတဲ့အတွက် သွင်းကုန်ကို လျှော့ချဖို့လိုအပ်သလို အရည်အသွေးမီ ထုတ်ကုန်များများပို့နိုင်မှသာ နိုင်ငံခြားငွေများများရပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

Preferential Tariff Treatment အကောက်ခွန်လျော့နှုန်း ခံစားခွင့်ကို အာဆီယံနိုင်ငံတွေ၊ အာဆီယံ+(၅) နိုင်ငံတွေမှ တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ သက်ဆိုင်ရာ သဘောတူစာချုပ်တွေအလိုက် ခွင့်ပြုလျက်ရှိပါတယ်။ ကိုယ့်နိုင်ငံကလည်း အရည်အသွေးမြင့်တဲ့ ကုန်ပစ္စည်းအများအပြားကို အဲဒီလိုပဲ အာဆီယံနိုင်ငံတွေနဲ့ အာဆီယံ+(၅) နိုင်ငံကိုပြန်လည်တင်ပို့နိုင်မှသာ အဲဒီ အကောက်ခွန်လျော့နှုန်း အကျိုးခံစားခွင့်တွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ လျော့နှုန်းခံစားခွင့်တွေကို မြန်မာနိုင်ငံကလည်း အခွင့်အရေးအဖြစ် ရယူနိုင်ဖို့ SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် Importer၊ Exporter တွေရဲ့ Complience မြင့်မားဖို့လည်း အရေးကြီးပါတယ်။ ဈေးကွက်ယှဉ်ပြိုင်ဖို့ကိုအားပေးတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်တွေရှိဖို့ လိုပါတယ်။ ကဏ္ဍတစ်ခုချင်းအလိုက် အကောင်အထည်ဖော်တဲ့အခါမှာ အားသာချက်၊ အားနည်းချက်တွေကိုဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနအချင်းချင်း၊ သက်ဆိုင်ရာဌာနတွေနဲ့ ပုဂ္ဂလိကအသင်းအဖွဲ့တွေ နားလည်မှုရှိစွာနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ရဲ့စီးပွားရေးဟာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ သုံးသပ်အကြံပြုလိုပါတယ်။



# အင်ဒိုနီးရှားအရှေ့ပိုင်း ပါပူအာပြည်နယ်၌ ဆောက်လုပ်ရေးလုပ်သား ၃၁ ဦး သတ်ဖြတ်ခံရ

**ဂျကာတာ ဒီဇင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ပါပူအာပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်သား ၃၁ ဦး သတ်ဖြတ်ခံရကြောင်း၊ ယင်းသို့ သတ်ဖြတ်ခြင်းကို ခွဲထွက်ရေးဝါဒီသူပုန်များက ပြုလုပ်ခဲ့သည်ဟု သံသယရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယင်းပြည်နယ်အတွင်းရှိ လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုအား လက်နက်ကိုင်အုပ်စုတစ်စုက ဒီဇင်ဘာ ၂ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ သေဆုံးသွားခဲ့သော ဆောက်လုပ်ရေးလုပ်သားများမှာ အင်ဒိုနီးရှား အစိုးရပိုင် ကုမ္ပဏီမှဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အင်ဒိုနီးရှားနိုင်ငံထံမှ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းနေသည့် လက်နက်ကိုင်အုပ်စု တစ်စု ပါဝင်နိုင်သည့်အခြေအနေရှိကြောင်း အင်ဒိုနီးရှား အစိုးရတာဝန်ရှိသူများက ယုံကြည်နေပြီး အင်ဒိုနီးရှား ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းလက်နက်ကိုင် အုပ်စုကို ရှာဖွေလျက်ရှိသည်။

ခွဲထွက်ရေးဝါဒီအုပ်စုနှင့် အင်ဒိုနီးရှားအစိုးရတပ်ဖွဲ့ များမှာ တိုက်ခိုက်မှုများ ထပ်တလဲလဲဖြစ်ပွားလျက်ရှိသည်။ ပါပူအာပြည်နယ်၏ သယံဇာတပေါကြွယ်ဝမှုများအပေါ် အင်ဒိုနီးရှားအစိုးရက ဒေသနေပြည်သူများကို အကျိုး အမြတ်များ ခွဲဝေပေးခြင်း မရှိဟူသော အကြောင်းပြချက် ဖြင့် ယင်းသို့တိုက်ခိုက်မှုများ ဖြစ်ပေါ်ခြင်းဖြစ်သည်။

ယင်းပြည်နယ်၏ စီးပွားရေးကွာဟချက်များအား ပြန်လည်ညှိနှိုင်းပေးရန် ရည်ရွယ်ချက်ဖြင့် အင်ဒိုနီးရှား အစိုးရက အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးစီမံချက် ကို ချမှတ်ထားပြီး တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင် ခြင်းမှာ ယင်းစီမံချက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ဒီဇင်ဘာ ၂ ရက်က ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှု ပြီးချိန်မှစ၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထား ခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းများ မကြာမီတွင် ပြန်လည်စတင်နိုင်မည်ဟု အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို က မျှော်လင့်ထားသည်ဟု သတင်းတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



# ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်စွန့်ပစ်မှုကာကွယ်တားဆီးရေး ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌ တိုက်တွန်းပြောကြား

ကုလသမဂ္ဂ ဒီဇင်ဘာ ၅

**ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ မာရီယာ ဖာနန်ဒါ အက်စ်ပီနိုဆာက ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်စွန့်ပစ်မှု များပြားလာခြင်းနှင့်ပတ်သက်ပြီး ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတကာသို့ တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။**

ပင်လယ်သမုဒ္ဒရာအတွင်းသို့ နှစ်စဉ်စွန့်ပစ်သည့် ပလတ်စတစ်တန်ပေါင်း ရှစ်သန်းခန့်ရှိကြောင်းနှင့် ကာကွယ်တားဆီးမှုများ မပြုလုပ်ဘဲ ယင်းသို့ ဆက်လက် စွန့်ပစ်မှုများပြုလုပ်ပါက ၂၀၅၀ ပြည့်နှစ်မတိုင်မီတွင် ပင်လယ်သမုဒ္ဒရာ အတွင်း၌ စွန့်ပစ်ပလတ်စတစ်ပမာဏသည် ငါးကောင်ရေထက် ပိုမိုများပြား သွားနိုင်ဖွယ်ရှိသည်ဟု ဒီဇင်ဘာ ၄ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့ရုံးချုပ်၌ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ အက်စ်ပီနိုဆာက မီဒီယာသို့ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂရုံးများမှ ပလတ်စတစ်သုံးစွဲမှုများ လျှော့ချပစ် ရန် အက်စ်ပီနိုဆာက သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတို့အား ပလတ်စတစ်သုံးစွဲမှု လျှော့ချပစ်ရန်နှင့် ပလတ်စတစ်စွန့်ပစ်မှုနှင့်ပတ်သက်ပြီး ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရန် ကုလသမဂ္ဂ ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။




ကုလသမဂ္ဂရုံးများ၏ တစ်ခါသုံးပလတ်စတစ်အိတ်များသုံးစွဲမှု လျှော့ချ မည့် နောက်ဆုံးနေ့ရက်ကို အတိအကျဖော်ပြသတ်မှတ်ခဲ့ခြင်းမရှိသေးသော် လည်း ပလတ်စတစ်အိတ်များ သုံးစွဲမှု လျော့ပါးသွားစေရန် အကောင်အထည် ဖော်ဆောင်မည့်နည်းလမ်းအများအပြားကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ နော်ဝေဒုတိယ အမြဲတမ်းကိုယ်စားလှယ် မာရီစကာရီနှင့် ကာရေဘီယံကျွန်းနိုင်ငံ အန်တီဂွါနှင့် ဘာဘုဒါဝန်ကြီးချုပ် ဂက်စ်တန်ဘရိုနီတို့ တက်ရောက်ခဲ့သည်။ ပလတ်စတစ် စွန့်ပစ်မှုသည် ရေနေသတ္တဝါများအပါအဝင် လူသားများ၏ ကျန်းမာရေးပြဿနာ တစ်ရပ်ပင်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

ကာရေဘီယံကျွန်းနိုင်ငံ အန်တီဂွါနှင့် ဘာဘုဒါအတွင်း၌ လွန်ခဲ့သော နှစ်နှစ်ကစပြီး ပလတ်စတစ်သုံးစွဲမှု ပိတ်ပင်တားဆီးမှုများပြုလုပ်ထားပြီးဖြစ် ကြောင်း ဝန်ကြီးချုပ် ဂက်စ်တန်ဘရိုနီက ပြောကြားခဲ့သည်။ ထို့ပြင် ကာရေ ဘီယံကျွန်းနိုင်ငံများအနက် အန်တီဂွါနှင့် ဘာဘုဒါနိုင်ငံသည် ပထမဆုံး ပလတ်စတစ်သုံးစွဲမှု ပိတ်ပင်ထားသည့် နိုင်ငံဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ နော်ဝေဒုတိယအမြဲတမ်းကိုယ်စားလှယ် မာရီစကာရီက ပလတ်စတစ်သုံးစွဲမှုသည် ပင်လယ်ရေနေသတ္တဝါများနှင့် လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားခဲ့ သည်။ "ငါးတွေက ပလတ်စတစ်တွေကို စားတယ်။ လူသားတွေက ငါးတွေ ကို စားတယ်။ ဒါကြောင့် ကျွန်မတို့မှာ ပြဿနာရှိနိုင်တယ်" ဟု မာရီစကာရီက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်မြောက်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် အဓိကခေါင်းဆောင်အပါအဝင် တာလီဘန်စစ်သွေးကြွရှစ်ဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၅**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဖာရက်ပြည်နယ်တွင် ဒီဇင်ဘာ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် တာလီဘန်အဖွဲ့မှ အဓိကကျသော တပ်မှူးတစ်ဦးဖြစ်သည့် ကွာရီဟာမီဒူလာ အပါအဝင် စစ်သွေးကြွ ရှစ်ဦးသေဆုံးသွားကြောင်း အာဖဂန်စစ်ဘက်၏ မြောက်ပိုင်းဒေသ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဟာဒီဂျမဲလ်က ပြောကြား သည်။

ထောက်လှမ်းရေးဆိုင်ရာ သတင်းပေးပို့ချက်တစ်ခုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ကွာဟန် ခရိုင်အတွင်း၌ ပုန်းခိုနေသည့် တာလီဘန်စစ်သွေးကြွများကို ပစ်မှတ် ထား တိုက်ခိုက်ခဲ့ရာ တာလီဘန်တပ်မှူး ကွာရီဟာမီဒူလာ အပါ အဝင် စစ်သွေးကြွရှစ်ဦး သေဆုံးသွားကြောင်း အာဖဂန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် တာလီဘန်စစ်သွေးကြွ ၁၀ ဦးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင် ရှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းစစ်ဆင်ရေးကို ဒီဇင်ဘာ ၄ ရက် ညပိုင်းက ကွာဟန်နှင့်



အန်ကွိုင်ခရိုင်များတွင် သောင်းကျန်းသူများ ကင်းစင်သွားသည့်တိုင် စတင်ခဲ့ပြီး လုပ်ဆောင်သွားမည်ဟု အာဖဂန်စစ်ဘက် ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

**ဆင်ဟွာ**

# ၂၀၁၈ ခုနှစ်အတွင်း ဖိလစ်ပိုင်တောင်ပိုင်းဒေသ၌ ပြုလုပ်သည့် စစ်ဆင်ရေးများကြောင့် အကြမ်းဖက်သမား ၁၇၀၀ ကျော် လျော့ပါးဟုဆို

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကတည်းက ပြုလုပ်ခဲ့သည့် အကြမ်းဖက် နှိမ်နင်းမှုစစ်ဆင်ရေးများကြောင့် အကြမ်းဖက်သမားစုစုပေါင်း ၁၇၄၀ တို့မှာ သေဆုံး သို့မဟုတ် ဖမ်းဆီးရမိ သို့မဟုတ် လက်နက်ချခဲ့ကြကြောင်း ဖိလစ်ပိုင်လက်နက်ကိုင် တပ်မတော် အေအက်ဖ်ပီက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်သမားများထံမှ အင်အားပြင်းထန်သည့် သေနတ် ၂၉၅၂ လက် အပါ အဝင် သေနတ် ၅၁၂၇ လက်နှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်း ၁၄၅ ခုကို သိမ်းဆည်း ရမိကြောင်း အေအက်ဖ်ပီက ပြောကြားသည်။

၂၀၁၈ ခုနှစ် ပထမ ၁၁ လအတွင်း အဘူဆေယက်ဖ်အဖွဲ့(အေအက်စ်ဂျီ)မှ အကြမ်းဖက်သမား ၂၈၄ ဦးလျော့ပါးသွားကြောင်း၊ ၎င်းအဖွဲ့မှ အကြမ်းဖက်သမား ၈၂ ဦးသေဆုံးပြီး ၁၈၀ မှာ လက်နက်ချခဲ့ကာ ၃၅ ဦးအား ဖမ်းဆီးရမိကြောင်း ဖိလစ်ပိုင် တပ်မတော်၏အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းကာလအတွင်း အဘူဆေယက်ဖ်အကြမ်းဖက်အုပ်စု၏ စခန်း ၁၁ ခုကို သိမ်းယူ ရရှိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ**

### ❒ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲမှ

မြန်မာတက္ကသိုလ်အနောက်တိုင်းလှေ လက်ရွေးစင်အသင်းသည် အမျိုးသားကစားသမား ၁၂ ဦး၊ အမျိုးသမီးကစားသမား ၁၂ ဦးတို့ဖြင့် လေ့ကျင့်ဆည်၌ နည်းပြချုပ် ဦးကျော်ဝင်း ဦးဆောင်သော နည်းပြအဖွဲ့နှင့် အပြင်းအထန်လေ့ကျင့်လျက်ရှိကြသည်။

မြန်မာတက္ကသိုလ် ရိုးရာလှေ လက်ရွေးစင်အသင်းများသည်လည်း အမျိုးသားကစားသမား ၁၄ ဦး၊ အမျိုးသမီးကစားသမား ၁၄ ဦးတို့ဖြင့် နည်းပြချုပ် ဦးဝင်းဖေ ဦးဆောင်သော နည်းပြအဖွဲ့က လေ့ကျင့်ဆည်၌ပင် အပြင်းအထန် လေ့ကျင့်ပေးလျက်ရှိသည်။

ရိုးရာလှေလှော်ပြိုင်ပွဲများတွင် မီတာ ၅၀၀ နှင့် မီတာ ၁၀၀၀ ပြိုင်ပွဲနှစ်မျိုးကို အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး အရောပြိုင်ပွဲဟု သုံးမျိုးစီ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲခြောက်မျိုး ပါဝင်မည်ဖြစ်သည်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ လှေပြိုင်ပွဲနှစ်မျိုးစလုံးကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ငလိုက်ဆည်၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုလှေပြိုင်ပွဲများအနက် အနောက်တိုင်းလှေလှော်ပြိုင်ပွဲ၌ အိမ်ရှင်မြန်မာနှင့်အတူ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ တက္ကသိုလ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ တက္ကသိုလ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ယခုလှေပြိုင်ပွဲများ၌ မြန်မာကစားသမားများ ရွှေတံဆိပ်ဆုရရှိခဲ့ပါက ဆုကြေးအဖြစ် ကျပ်သိန်း ၅၀၊ ငွေတံဆိပ်ဆုရရှိခဲ့ပါက ကျပ်သိန်း ၃၀၊ ကြေးတံဆိပ်ဆုရရှိပါက ကျပ်သိန်း ၂၀ ချီးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ကလည်း ထပ်ဆင့်ဆုကြေးအဖြစ် ရွှေတံဆိပ်ဆုအား ကျပ်သိန်း ၃၀၊ ငွေတံဆိပ်ဆုအား ကျပ်သိန်း ၂၀၊ ကြေးတံဆိပ်ဆုအား ကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောကြားသည်။

**မြင့်မောင်စိုး**

# South East Asian Amateur Golf Championship 2018

# ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အား/ကာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် South East Asian Amateur Golf Championship 2018 (58th Putra Cup) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဟောင်ကောင်တို့မှ ကစားသမား ၉၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ 58th Putra Cup ပြိုင်ပွဲနှင့်အတူ 12th Lion City Cup ပြိုင်ပွဲ၊ 10th Santi Cup ပြိုင်ပွဲ၊ 5th Kartini Cup ပြိုင်ပွဲ စသည့် သက်တမ်းအလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ယခုပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရရှိခြင်းကြောင့် နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ်လူငယ်ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာပြီး မြန်မာ့ဂေါက်သီးအားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**




## အာရှ ယူ-၂၀ ဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း မလေးရှားကို ရှုံးနိမ့်

**ဗန်ကောက် ဒီဇင်ဘာ ၅**

၂၀၁၉ အာရှ ယူ-၂၀ ဖူဆယ်ခြေစစ်ပွဲ (အာဆီယံဇုန်) ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာအသင်းသည် မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်း သုံးဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို ပထမပိုင်းတွင် ဂိုးမရှိသရေကစားနိုင်သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရရန် ကြိုးစားသော်လည်း ရရှိသည့်အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မလေးရှားနှင့် ထိုင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာဆီယံဇုန်တွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပလျက်ရှိပြီး မြန်မာအသင်းသည် ပထမပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## သစ္စာအားမာန်အမျိုးသမီးအသင်း အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက တက္ကသိုလ်အသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် နှစ်ရာသီဆက်တိုက် ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသောကြောင့် ယခုရာသီတွင် အောင်မြင်မှုရရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ခြေစွမ်းအရကွာခြားမှုရှိသောကြောင့် သစ္စာအားမာန်အသင်းသည် ခြေအသာဖြင့် ကစားကာ အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းသည် ပွဲအစကတည်းက ခြေအသာဖြင့် ကစားပြီး ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းသည် လက်ရွေးစင်ကစားသမားအများစု ပါဝင်သောကြောင့် ခြေစွမ်းအရ အသာစီးရကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၁၄၊ ၃၆ မိနစ်တွင် ခင်မိုးဝေ၊ ၁၇၊ ၃၈၊ ၄၈ မိနစ်တွင် ဂျူလိုင်ကျော်၊ ၂၉၊ ၉၀+၁ မိနစ်တွင် ဝေဇင်နှင်း၊ ၄၂ မိနစ်တွင် သိမ့်ကိုကို၊ မိနစ် ၇၀ တွင် နီလာမြင့်၊ ၈၈ မိနစ်တွင် ဖြူနှင်းသွယ်တို့က သွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းသည် ကြိုးစားကစားသော်လည်း သစ္စာအားမာန်အသင်းကို ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိ၍ အဖွင့်ပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁) တတိယနေ့ကို ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံမြဝတီအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**





ကျိုက်မရောမြို့နယ် တောင်ကလေးရဲကင်းမှူး ဒုတိယရဲအုပ်ကျော်ဖြိုးခိုင်နှင့် တာဝန်ရှိသူတို့က ဒီဇင်ဘာ ၅ ရက်က တောင်ကလေးကျေးရွာ အထက်တန်းကျောင်းရှေ့၌ ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေးယာဉ်ဖြင့် ပြသစဉ်။ လင်းမြတ်ဦး

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၆၄ သန်း) ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်းနှင့် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာရှိ ဂိုဒေါင်ဝင်းအား ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၆၄ သန်းကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့်ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၅**

မောင်တောမြို့နယ် နယ်မြေ (၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (တောင်ပြိုယာ)မှ ရဲမှူးငွေစိုး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Ghumdhurn ကင်းစခန်းမှ Subedar Md. Abul Kalam ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၃၁)မှ (၃၄)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲမှ ၁၁ နာရီ ၃၅ မိနစ်ထိ မောင်တောမြို့နယ်မြေ(၇) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မကျီးချောင်းနယ်မြေရုံးမှ ဒုတိယရဲမှူးကျော်သက်ဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၃)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2) Shahparirdip ကင်းစခန်းမှ Subedar Md. Nazrul Islam ဦးဆောင်သည့်အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် မကျီးချောင်း ချောင်းဝအနီး နတ်မြစ်မြစ်လယ်ရှိ



နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၂)မှ အောင်ဗလချောင်းဝအနီး ရေမိုင်အမှတ်(၅)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်ဖက်ညှိနှိုင်း ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ ကင်းလှည့်သည့်အဖွဲ့များ နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## မိုးမောက်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မိုးမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီက မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်



တွင် မာကွမ်း မောင်းနှင်ပြီး ဒေါ်ဂျေ့လိုလုဂျန်နှင့် ဒေါ်စီစီဒွဲဘူတို့လိုက်ပါလာသည့် Mark-II အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈၀၀၊ ဘိန်းဖြူအလေးချိန် ၉၄၀ ဂရမ်၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီက တာမခန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ အမှတ်(၈)ရပ်ကွက် နားလိုင်းဆိုင်ဘုရားအောက် တာမခန်-နန့်စမ်းသွား ကားလမ်းပေါ်တွင် အောင်ဆန်း(ခ)အောင်ဆန်းဦး မောင်းနှင်၍ မနွဲ့ကြည် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၁၄၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ်(၁၉/၂၀)တွင် လိုက်ပါလာသည့် မဥမ္မာနှင့် အောင်လွင်တို့၏ စက္ကူပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ဓမ္မပဒဋ္ဌကထာဂါထာယောဇနာ

မင်္ဂလာဇေယျုံဆရာတော် အရှင်သီရိသုမင်္ဂလာမဟာထေရ်ရေးသားပြုစုတော်မူသော ဓမ္မပဒဋ္ဌကထာယောဇနာကျမ်းစာကို ပိဋကဗျူဟာအဖွဲ့၏ ၂၈ အုပ်မြောက် ကျမ်းစာအဖြစ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် သာသနာ့အကျိုးကို သယ်ပိုးထမ်းဆောင်နေကြသော ရဟန်းသံဃာတော်များနှင့် ပါဠိစာပေပညာရှင်များအတွက် များစွာအထောက်အကူဖြစ်စေသည့်ပြင် ခက်ခဲနေသည့် ပါဠိဘာသာအရေးအသားကို လွယ်ကူစွာရေးသားနိုင်စေကာ ပါဠိဘာသာအရေးအသား တိုးတက်လာစေရန် ရည်သန်ရေးသား ပြုစုထားခြင်းဖြစ်ပြီး ပါဠိဘာသာထွန်းကားမြင့်မားလာစေရန် ကျေးဇူးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စာအုပ်ကို ပိဋကဗျူဟာအဖွဲ့၊ မင်္ဂလာဗျူဟာအသင်းချုပ်အဆောက်အအုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။**



## အာရှပြတင်း၊ ဆေးရောင်စုံမြင်ကွင်း

စာရေးဆရာကျော်ရင်မြင့် ရေးသားပြုစုထားသော အာရှပြတင်း၊ ဆေးရောင်စုံမြင်ကွင်းစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အာရှပြတင်း၊ ဆေးရောင်စုံမြင်ကွင်းစာအုပ်တွင် အာရှသားအချင်းချင်း တစ်ဦးကိုတစ်ဦး သိနားလည်စေရန်၊ နိုင်ငံနှင့်လူမျိုး၊ ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၊ လူမှုဓလေ့စရိုက်၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲပြဿနာများ၊ သူတို့ဘဝ၊ သူတို့ပြဿနာများ ရင်ဆိုင်ဖြေရှင်းပုံများကို ဖတ်ရှုလေ့လာပြီး ကိုယ့်ပတ်ဝန်းကျင်ကို ပိုမိုသာယာလှပလာအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားထားသည်။

**စာအုပ်ကို ခြူးခြူးစာအုပ်တိုက်၊ အမှတ် ၇၀ (၃-လွှာ)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၉၅၃၃၈၄၈၇၄၊ ၀၉ ၇၉၇၇၈၄၈၇၄ မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



## မြို့တော်ဥပဒေ ပြစ်မှုပြစ်ဒဏ်များ

စာရေးသူ ဦးကျော်ဇေယျပြုစုရေးသားသော မြို့တော်ဥပဒေ ပြစ်မှုပြစ်ဒဏ်များ စာအုပ် ပထမအကြိမ်အဖြစ် ထွက်ရှိလာပြီဖြစ်သည်။

ဤစာအုပ်တွင်ပါရှိသော တားမြစ်ချက်များကို ပြည်သူများ လိုက်နာနိုင်စေရန်နှင့် ဥပဒေကိုသိရှိ၍ ဆောင်ရမည့်အချက်များ၊ ရှောင်ရမည့်အချက်များကို လွယ်လွယ်ရှင်းရှင်းသိစေခြင်းငှာ မြို့တော်ဥပဒေ ပြစ်မှုပြစ်ဒဏ်များကို လေ့လာခြင်းဖြင့် ပြည်သူအများ ဥပဒေနှင့်အညီ နေထိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**စာအုပ်ကို မယ်နဲ့မောင်စာပေ၊ အမှတ် ၁၇၈ (ပထမထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၄၃၀၄၅၈၃၅ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**




## အောင်မြင်မှုသို့စေညွှန်ရာ

စာရေးသူ ဦးဖြိုးကြွယ်မြင့် ပြုစုရေးသားသော အောင်မြင်မှုသို့စေညွှန်ရာ စာအုပ် ပထမအကြိမ်အဖြစ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် လိုက်နာဆောင်ရွက်သင့်သည်များကို လိုက်နာအကောင်အထည်ဖော်နိုင်ပါက သင်သည် အပြင်ဗဟိဒ္ဓရော၊ အတွင်းအဇ္ဈတ္တပါ အောင်မြင်အောင် စွမ်းဆောင်နိုင်သော အောင်နိုင်သူအစစ်ဖြစ်လာမည်ကို ယုံကြည်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ခြင်း၊ မိမိအိပ်မက်ကို အကောင်အထည်ဖော်ခြင်းများသည် မိမိသည်သာ တာဝန်အများဆုံးရှိသည်ဖြစ်၍ မိမိ၏ ကြိုးစားအားထုတ်မှု၊ စိတ်အားထက်သန်မှု၊ ကိုယ်စွမ်းဉာဏ်စွမ်း စိုက်ထုတ်မှုတို့အပေါ်မူတည်ပြီး အောင်မြင်မှုအတိုင်းအတာကို ရယူနိုင်ရန် မိမိကိုယ်ကိုယ် စီမံခန့်ခွဲတတ်ရန် ရေးသားပြုစုထားသော စာအုပ်ဖြစ်သည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ် ၂၃၇ (ပထမထပ်)၊ ၃၉ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃ မှ တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**




## မြေစာပင်မဖြစ်စေလို

စာရေးသူ မောင်သောင်းဝင်း (တမန်ဟောင်း) ရေးသားပြုစုထားသော မြေစာပင်မဖြစ်စေလို ဆောင်းပါးပေါင်းချုပ်စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက် နိုင်ငံသူ နိုင်ငံသားတိုင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းရေး၊ ရခိုင်အရေးတွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရေးနှင့် အစိုးရ၏တာဝန်ထမ်းဆောင်မှုအပေါ် အပြုသဘောဆောင်စွာဖြင့် ပြုစုရေးသားထား၍ လေ့လာဖတ်ရှုသင့်သောစာအုပ်ဖြစ်သည်။

**စာအုပ်ကို ကေရီစံစာပေ၊ C/34၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၃၀၅၁၁၁၄၊ ၀၉ ၅၅၀၁၁၅၄ တို့မှ တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။**



## အသက်ရှူခြင်းအနုပညာ

စာအုပ်တွင် လူတိုင်းအသက်ရှူနေကြရသော်လည်း ကျန်းမာရေးအတွက် ထိရောက်သော ကောင်းကျိုးကို တကယ်ဖြစ်စေမည့် အသက်ရှူခြင်းနည်းလမ်းကို မသိကြပါ။ ထိုနည်းလမ်းကို ဆရာဇာနည်ကိုဘာသာပြန်သော အသက်ရှူခြင်းအနုပညာစာအုပ်တွင် ဖတ်ရှုသိရှိကြရမည်ဖြစ်သည်။

မူရင်းရေးသားသူမှာ Gayelord Hauser ဖြစ်သည်။ Be Happier, Be Healthier စာအုပ်ထဲမှ Our World of Air ကို ဘာသာပြန်ထားခြင်းဖြစ်သည်။

**စာအုပ်ကို စာပေနန်းတော်၊ အမှတ် ၁၁၇-၁၂၇၊ ၃၆ လမ်း (အလယ်)၊ ရန်ကုန်မြို့မှ တန်ဖိုးငွေ ၅၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သည်။**





## KEN KEN ပဟေဠိ

စာရေးသူ ကိုထူးစီစဉ်သည့် KEN KEN ပဟေဠိစာအုပ် ထွက်ရှိလာသည်။

KEN ဆိုသည်မှာ ဂျပန်ဘာသာအရ ပညာရှိခြင်းဟူသည့် အဓိပ္ပာယ်ရသည်။ KEN KEN PUZZLE ၏ အဓိပ္ပာယ်မှာ သင့်ကိုဉာဏ်ထက်မြက်စေသော ပဟေဠိဟုဖြစ်သည်။

လူကြီးလူငယ်မရွေး ဉာဏ်ရည်ရင့်ကျက်လိုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားပါသဖြင့် လေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ် H၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**




## အင်္ဂလိပ်စာ Tense များလေ့လာနည်း

ဆရာထိန်လင်း (BE, Machanical) ပြုစုရေးသားထားသော Read the Passage ဖြေဆိုနည်းနှင့် အင်္ဂလိပ်စာ Tense များ လေ့လာနည်းစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်၌ စနစ်သစ်ပညာရေးစနစ်တွင် ဆရာ ဆရာမများအတွက် သင်ကြားနည်းအကြံဉာဏ်များနှင့် အင်္ဂလိပ်စာအခြေခံအားနည်းသော ကျောင်းသားကျောင်းသူအားလုံး နားလည်ဖြေဆိုတတ်စေရန် ရည်ရွယ်ရေးသားထားသည့်အပြင် အင်္ဂလိပ်စာအမှတ်ပေးစည်းမျဉ်းများကိုလည်း ရှင်းလင်းရေးသားထားသောကြောင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ် ၂၃၇ (ပထမထပ်)၊ ၃၉ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃ မှ တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "







(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး........
- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသော ရွှေကမ်းသာယာ အိမ်ရာ
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာ သွားလာနိုင်သောနေရာ ..........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ ............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ..........
- ခေတ်မှီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ . . . .



ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကျောင်းသားများ သမိုင်းကိုစိတ်ဝင်စားစေရန် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ ပညာရေးဝန်ကြီးဌာန ဆီမီယို ဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ ဌာနနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတို့ ပူးပေါင်း၍ History in the Eyes of Digital Generation ခေါင်းစဉ်ဖြင့် တက္ကသိုလ် အဆင့် အင်္ဂလိပ်စာကျပန်းစကား ပြောပြိုင်ပွဲ ပဏာမရွေးချယ်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)ဝင်းရှိ ဆီမီယိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဆီမီယိုဒေသ ဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန တည်ထောင်ခြင်း (၁၈) နှစ်ပြည့် အထိမ်းအမှတ် ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သမိုင်းကို စိတ်ဝင်စားစေရန်နှင့် သမိုင်း၏ တန်ဖိုးနှင့် အရေးကြီးပုံကို နားလည် နိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်ခုမှာ သမိုင်းပညာရှင် တွေဟာ နိုင်ငံရဲ့ခေါင်းဆောင်တွေ ဖြစ်နိုင်တယ်ဆိုတဲ့ အကြောင်းကို လည်း သိစေချင်တာရယ်၊ သမိုင်းသင်ဖို့ စိတ်ဝင်စားအောင် ကျောင်းသား ကျောင်းသူတွေကို နှိုးဆွချင်တာရယ်၊ အဲဒီရည်ရွယ်ချက်တွေနဲ့ ကျင်းပတာပါ။ အင်္ဂလိပ်စာအသုံးပြုပြီးတော့ ကျင်းပပါဆိုတော့ ကျွန်မတို့ဆီမှာ လိုအပ်ချက်နှစ်ခုရှိတယ်။ အင်္ဂလိပ်စာ ဘာသာစကား ဆိုင်ရာမှာလည်း တွန်းအားပေးဖို့လိုတယ်။ အဲဒီလိုပဲ သမိုင်းသင်ကြားရေးနေရာမှာလည်း တွန်းအားပေးဖို့လိုတယ်။ ဒီနှစ်ခုလုံးကို တစ်ပြိုင်နက်တည်း အားပေး စေချင်တဲ့အတွက်ကြောင့် သမိုင်းဆိုင်ရာ အကြောင်းလေးတွေကို အင်္ဂလိပ်လို ကျပန်းစကားပြောတဲ့ ပြိုင်ပွဲလေး ကျင်းပတာပါ"ဟု ဆီမီယို ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ ဌာနမှ ညွှန်ကြားရေးမှူး (တာဝန်ခံ) ဒေါက်တာခင်လေးစိုးက ပြောသည်။

ယနေ့ကျင်းပသည့် ပဏာမရွေးချယ်ပြိုင်ပွဲသို့ တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် နောက်ဆုံးပြိုင်ပွဲ ကျင်းပ၍ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲက သူ့ရဲ့ခေါင်းစဉ်ကို ကြည့်ကတည်းက အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒါကြောင့် လာပြိုင်ဖြစ်တာပါ။ ဒီပြိုင်ပွဲကိုလုပ်ပေးတာ အလွန်ကောင်းပါတယ်။ ကျောင်းသားတွေအတွက်လည်း အထောက်အကူပြုတယ်။ အတွေ့အကြုံလည်း အများကြီးရစေတယ်။ အဲဒါကြောင့် ဒီလိုမျိုးပြိုင်ပွဲတွေပါ နောက်ထပ်ရှိလာဖို့လည်း မျှော်လင့်ပါတယ်" ဟု အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မဟန်သက်ဆုက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက ပြောကြားလာသည့် သမိုင်းဆိုင်ရာ အကြောင်းအရာများကို စုစည်းကာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ဆီမီယို ဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ ဌာနမှ ညွှန်ကြားရေးမှူး (တာဝန်ခံ) ဒေါက်တာခင်လေးစိုးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**

## တိုတိုထွာထွာဖတ်စရာ

### သီပေါဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲနှင့် လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၁၂၆ နှစ်က အုန်းဘောင်စော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော (၁၅) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ကို နတ်တော်လဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ် လှည့်လည်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဦးမြသန်းက ပွဲတော်ကျင်းပရေးလုပ်ငန်း စီမံချက်ကို ဖတ်ကြားတင်ပြ၍ တက်ရောက်လာကြသည့် မြို့မိ မြို့ဖများက အကြံပြုဆွေးနွေးကာ စီမံချက်ပါလုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

### တောင်ငူမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**တောင်ငူ**

ပဉ္စမအကြိမ် တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲတော်ကြီးကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ရွှေဆံတော်ဘုရားအရှေ့မုခ် ဦး၌ ကျင်းပသည်။

တောင်ငူမြို့ပေါ်ရှိ ကျောင်းတိုက် ၁၀၀ ကျော်တို့မှ ဆရာတော်၊ သံဃာတော်များ၊ ရဟန်းသာမဏေများ၊ သီလရှင် ဆရာကြီး ဆရာလေးများ စုစုပေါင်း အပါး ၁၈၀၀ ကျော်ကို စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၈၀၀ ကျော်ဖိုး လောင်းလှူပူဇော်ခဲ့ကြသည်။ **၁၂၉**

### ကြံခင်းမြို့ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပေးအပ်

**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့ လမ်းမတော်လမ်းတွင် ဖွင့်လှစ်ထားရှိသော မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်သို့ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၃၂ အကြီးစားစက်ရုံ(ကြံခင်း) မှ လက်ထောက်စက်ရုံမှူး ဦးဆန်းမြင့်ဦးနှင့် ဆိပ်ကမ်းဌာနဝန်ထမ်းများက သုတ၊ ရသ စာအုပ်မျိုးစုံ ၅၃၂ အုပ်ကို လာရောက်လှူဒါန်းခဲ့သည်။ **ဌေးမင်း**

### စာပေဟောပြောပွဲနှင့် စာအုပ်ဈေးပွဲတော် ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန်**

စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကမာရွတ်မြို့နယ် လှည်းတန်းစင်တာရှိ Outdoor Promotion Area တွင် ဒီဇင်ဘာ ၇ ရက်မှ ၉ ရက် (ညနေ ၄ နာရီမှ ည ၈ နာရီ)ထိ ပြုလုပ်မည်ဖြစ်သည်။

ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီတွင် ဆရာကြီး လယ်တွင်းသား စောချစ်၊ ဒီဇင်ဘာ ၈ ရက် ညနေ ၆ နာရီတွင် ဆရာကြီးဒေါက်တာခင်မောင်ညို၊ ဆရာကြီးချစ်နိုင် (စိတ်ပညာ)၊ ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီတွင် ဆရာကြီး ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) နှင့် ဆရာမကြီး ရွှေကူမေနှင်းတို့က ဟောပြောကြမည်ဖြစ်ပြီး စာအုပ်ဈေးပွဲတော်တွင် ဆိုင်ခန်းပေါင်း ၇၀ ခန့် ပါဝင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

## အနုပညာ

# အော်စကာအစီအစဉ်တင်ဆက်သူဖြစ်ခွင့်ရခဲ့တာ ဘဝရဲ့အခွင့်အရေးပါလို့ဆိုလိုက်တဲ့ ကီဗင်ဟာ့ထ်

ဟောလိဝုဒ်ရဲ့အထင်ကရ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခွင့်ရခဲ့တဲ့ ဟာသသရုပ်ဆောင် ကီဗင်ဟာ့ထ်က သူ့အနေနဲ့ ဒီလိုပါဝင်ခွင့်ရခဲ့ခြင်းဟာ ဘဝနဲ့ချီတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


လာမယ့်နှစ်မှာ ပြုလုပ်သွားမယ့် အော်စကာဆုပေးပွဲကြီးမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း ကီဗင်ဟာ့ထ်က ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ကီဗင်ဟာ့ထ်က "အော်စကာဆုပေးပွဲမှာ စီစဉ်တင်ဆက်သူအဖြစ် ပါဝင်ခွင့်ဟာ နောက်ဆုံးမှာတော့ ကျွန်တော့်ဆီကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ပြောကြားခွင့်ရတဲ့အတွက် အလွန်ကိုဝမ်းမြောက်မိပါတယ်"လို့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီဆုပေးပွဲကြီးဟာ ရုပ်ရှင်လောကရဲ့ အမြင့်ဆုံးသော ဂုဏ်ပြုမှုကြီးဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟာ့ထ်ဟာ ၂၀၁၇ ခုနှစ်အတွင်း ပြသခဲ့တဲ့ "Jumanji: Welcome to the Jungle" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူက ဒီလို အော်စကာဆုပေးပွဲကြီးရဲ့ စင်မြင့်ထက်မှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်နိုင်ခြင်းဟာ သူ့ဘဝရဲ့ ရည်မှန်းချက်တွေထဲက တစ်ခုဖြစ်တယ်လို့လည်း ဆိုပါတယ်။

အာဖရိကန်-အမေရိကန်လူမျိုးတစ်ဦးဖြစ်တဲ့ ကီဗင်ဟာ့ထ်ဟာ အော်စကာသမိုင်းတစ်လျှောက် အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခွင့်ရခဲ့ကြတဲ့ လူမည်းသရုပ်ဆောင်တွေအနက် တစ်ဦးလည်း ဖြစ်ခဲ့ရပါတယ်။ အော်စကာဆုပေးပွဲဟာ ယခင်နှစ်က ခွဲခြားမှုတွေရှိခဲ့ကြောင်း ဝေဖန်ခံခဲ့ရပြီး ကြည့်ရှုသူနှုန်းလည်း ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အစီအစဉ်တင်ဆက်သူအဖြစ် လူမည်းသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကီဗင်ဟာ့ထ်ကို ပါဝင်စေခဲ့တာဖြစ်ပါတယ်။

လာမယ့် အော်စကာဆုပေးပွဲကြီးကိုတော့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး အော်စကာဆန်ခါတင်စာရင်းကိုတော့ လာမယ့် ဇန်နဝါရီ ၂၂ ရက်မှာ ထုတ်ပြန်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေး ပြည့် စု စည်း သည်



# နယူးဒေလီမှာ မင်္ဂလာညစာခံပွဲ ပြုလုပ်ခဲ့တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာ

မင်္ဂလာအခမ်းအနားတွေကို သုံးရက်ကြာပြုလုပ်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာတော့ နယူးဒေလီမှာ မင်္ဂလာညစာခံပွဲပြုလုပ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီမင်္ဂလာပွဲကိုတော့ ကြယ်ပွင့်စုံတွဲရဲ့ နှစ်ဖက်အသိုင်းအဝိုင်းအပြင် အိန္ဒိယဝန်ကြီးချုပ်နဲ့ ဘောလိဝုဒ်ကြယ်ပွင့်တွေပါ တက်ရောက်အားပေးခဲ့ကြတာ တွေ့ရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယင်ကာချိုပရာနဲ့ ၂၆ နှစ်အရွယ် နစ်ခ်ဂျိုးနက်စ်တို့ဟာ ယခုနှစ် နှစ်စပိုင်းမှာ စေ့စပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့နှစ်က အော်စကာပါတီကို အတူတွဲကာ တက်ရောက်ခဲ့ကြပြီးနောက် ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာပါ။ ဒါပေမယ့် အစပိုင်းမှာတော့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့ခြင်းမရှိပါဘူး။ နောက်ပိုင်းမှာတော့ တွဲသွားတွဲလာတွေ့ရပြီး လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ချစ်သူတွေဖြစ်နေကြောင်း ဖော်ပြခဲ့ကြတာပါ။ ချစ်သူသက်တမ်းအချိန်တိုအတွင်းမှာပင် စေ့စပ်ခဲ့ကြပြီး လက်ထပ်ပွဲကိုပါ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



# ကျေးဇူးအထူးတင်ရှိခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၈)ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျောက်တံတားမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြို့နယ်လူမှုအထောက်အကူပြုအဖွဲ့၊ ဘဏ္ဍာရေးမှူး ဦးမျိုးမြင့် အသက်(၆၂)နှစ် ဆေးရုံတက်ရောက်ကုသစဉ်မှ နောက်ဆုံးအချိန်အထိ နာရေးကိစ္စအဝဝကို မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျောက်တံတားမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပါတီဝင်များ၊ တော်ဝင်နန်းထိပ်ထား ခရီးသွားလုပ်ငန်းမိသားစုအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်ခဲ့သော်လည်း ဆက်သွယ်မေးမြန်းအားပေးခဲ့ကြသော ရပ်ဝေးမှ သူငယ်ချင်းမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူး(အထူး)ပင် ကျေးဇူးတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်စန်းစန်း (B.A.Ed,B.Ed)

## အသက် (၈၄) နှစ်

**ထ-၃ တာမွေ၊ ထ-၁ တ/ဥ၊ လ-၄/ထ-၁၁ မန္တလေးမြို့**
**နွားထိုးကြီးမြို့နယ်အသင်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၊ အကန်တော့ခံ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သုခလမ်း၊ အမှတ်(၉/၅)နေ သမာဓိမြို့ဝန်(ဦးသော်-ဒေါ်လေးမေ)တို့၏သမီးကြီး၊ (ဦးသိန်း-ဒေါ်အေးရှင်)တို့၏သမီးချွေးမ၊ [ဦးအောင်မြင့်(လ/ထ တိုင်းပညာရေးမှူး)]၏ဇနီး၊ မြင်းခြံမြို့နေ ဦးကိုကို-ဒေါ်ထိုက်ထိုက်၊ မန္တလေးမြို့နေ ဦးစိုးသိမ်း-(ဒေါ်ကြည်ကြည်)၊ ဒေါ်ဝေဝေမြင့်(ဒု-ညွှန်မှူး၊ ငြိမ်း၊ လျှပ်စစ်)တို့၏အစ်မကြီး၊ ဦးသြဘာသ(ရေမြောင်လေး တောရကမ္မဌာန်းကျောင်း)၊ ဦးအောင်မြတ်စိုး(ကျောင်းအုပ်ကြီး၊ ရန်ကင်းပညာရေးကောလိပ်)-ဒေါ်ဥမ္မာမြင့် (အေးရိပ်စံမှုကြို)၊ ဒေါ်မီမီအောင်(ဦးစီးအရာရှိ-ငြိမ်း၊ စွမ်းအင်)၊ ဦးမိုးကျော်အောင်(ခေတ္တ-ထိုင်း)-ဒေါ်ဥမ္မာ(ကံပွင့်ရွှေဆိုင်)၊ ဗိုလ်မှူးဒေါ်ဘေဘီအောင်(ဆ. ရ. က-၂/၁၀၀၀၊ နေပြည်တော်)တို့၏မိခင်၊ ဟန်နီ၊ ခြူခြူး (ဈာန်ရဲစိုး)တို့၏အဘွားသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျင်စွမ် (ထားဝယ်မြို့)

## အသက် (၈၄) နှစ်

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်ဖြစ်သော ဦးအောင်မိုး၏ကျေးဇူးရှင်ဖခင်ကြီး ဦးကျင်စွမ် အသက်(၈၄)နှစ်သည် ၁-၁၂-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်ရွှေ

## အသက် (၇၇) နှစ်

မိတ္ထီလာမြို့၊အောင်ဆန်းနယ်မြေ၊ရွာကောက်ရပ်နေ ဦးစောရွှေ၏ဇနီး၊ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)-ဒေါ်နိုင်နိုင်မော်(သစ်ခွရိပ်-စတိုး)တို့၏မိခင်ကြီး ဒေါ်တင်ရွှေသည် ၂၈-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိ မိသားစုများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မိုး (ထားဝယ်)

**(မောင်းမကန်ရွာ၊ လောင်းလုံးမြို့နယ်)**

## အသက် (၄၆) နှစ်

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်ဖြစ်သော ဦးအောင်မိုး အသက်(၄၆)နှစ်သည် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**

---

# အနိစ္စ

## ဦးသန်းဝေ(ခ)ဦးသန်းဖေ

## အသက် (၆၆)နှစ်

မြိတ်မြို့နေ (ဦးဘချစ်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးပုတ်သိုး-ဒေါ်နန့်ကူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၄၇)၊ ပထမထပ်နေ ဒေါ်အမရာဒေဝီ၏ခင်ပွန်း၊ မတင့်တင့်ရွှန်းဝေ၊ ဗိုလ်ကြီးအောင်အောင်-မတင့်တင့်လှဲ့ဝေ၊ မောင်စိုင်းထက်ဝေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၁၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သူရ

## အသက် (၄၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမောင်ကြီးလမ်း၊ အမှတ်(၁၅၄၆)နေ ဦးစိန်မောင်ခင်-(ဒေါ်မြင့်မြင့်ခိုင်)တို့၏ သားကြီး၊ ဦးမြင့်ထွန်း-ဒေါ်အေးအေးဝင်းတို့၏သားသမက်၊ဒေါ်ဟေမာထွန်း(အထက-ခွဲ၊ မြယာရိုး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်းဝင်းထွဋ်-ဒေါ်မေရီခိုင်သဇင်တို့၏မောင်၊ ဦးသွင်မျိုးလွင်-ဒေါ်အသေးမတို့၏အစ်ကို ဦးကျော်သူရသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ရုပ်ရှင်ဒါရိုက်တာ**

## ဦးခင်ဇော် (ဖျာပုံမြို့)

## အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်လမ်း၊ အမှတ်(၁-D)၊ သာယာရွှေပြည်ရိပ်မွန်နေ (ဦးရှုစွမ်-ဒေါ်ချစ်)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်ခင်အေး)တို့၏သားသမက်၊ (ဦးမြင့်-ဒေါ်မြင့်မြင့်)တို့၏မောင်၊ (ဦးတင်မောင်အေး)-ဒေါ်သောင်းတင်တို့၏အစ်ကို၊ ဒေါ်လှလှမြတ်၏ချစ်လှစွာသောခင်ပွန်း၊ ရဲထွဏ်းဇော်-မော်မော်၊ သန်းထွန်းဇော်(ဒါရိုက်တာမိုက်တီး)၊ ဇော်ဝင်းမောင်-ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့၏ဖခင်၊ မြူလင်းကိုကို၊ မိုးမြင့်ခန့်တို့၏အဘိုးသည် ၃-၁၂-၂၀၁၈ ရက် ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရှိန်မြင့် (မအူပင်)

## အသက် (၇၃) နှစ်

(ဦးမောင်မောင်တင်-ဒေါ်စောသိန်း)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်မမလေး)တို့၏သားသမက်၊ (၁၂/၁၃) နှင်းဆီ(၆)လမ်း၊ နှင်းဥယျာဉ်အိမ်ရာဝင်းနေ ဒေါ်လှရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမြင့်-ဒေါ်နွယ်နီ၊ ဦးနိုင်မြင့်-ဒေါ်နန်းယုအောင်ဝင်း၊ ဦးမောင်မောင်သောင်း-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ ဦးရွှေသိန်း-ဒေါ်သန်းသန်းမြင့်၊ ဦးကျော်မြင့်-ဒေါ်အေးသန်း၊ (ဦးဇော်ဝင်း)-ဒေါ်သိန်းသိန်းတို့၏ အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဘကြီး၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၁၂-၂၀၁၈ ရက် နံနက် ၅း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၁၂/၁၃ နှင်းဆီ-၆လမ်း၊ နှင်းဥယျာဉ်အိမ်ရာဝင်း၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၈ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးမျိုးမြင့်(Michael Archer)

**ဌာနခွဲမှူး (ငြိမ်း)၊ သမဝါယမဦးစီးဌာန**

## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ F.M.I အိမ်ရာ၊ မင်္ဂလာ(၃)လမ်း၊ အမှတ်(K-57)နေ (U Eric Archer-Daw Baby)တို့၏သား၊ (ဗိုလ်မှူးမျိုးမြင့်)-ပါမောက္ခ ဒေါ်ကြည်ကြည်လှ (ဒုတိယဥက္ကဋ္ဌနှင့် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့)တို့၏ သားသမက်၊ Dr.စန်းစန်းမြင့်(WFP. UNREACH)၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေမျိုးဇော်(Senior National Programme Officer Swiss Embassy)-ဒေါ်စုစုဇင်(ပူစူး)၊ David Ng (Senior Process Engineer Australia)-ဒေါ်ခင်စန္ဒီ (Senior Process Engineer Australia)တို့၏ ချစ်လှစွာသောဖခင်၊ ဦးရွှေဇင်(အငြိမ်းစားသံအမတ်ကြီး)-Daw Margaret Archer၊ (ဗိုလ်မြင့်အုန်း)၊ ဦးကျော်ကျော်ဝင်း(သင်္ဘောအင်ဂျင်နီယာ)-ဒေါ်သီသီသန်းတို့၏အစ်ကို၊ မောင်ဖွဲ့နန္ဒ(B.A-Eng)၊ မောင်နန္ဒအောင်(Secondary ,1.E,ILBC)တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၁၂-၂၀၁၈ ရက် နံနက် ၄း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၂-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပွဲပြုလုပ်ပြီး ညနေ ၃နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဒေါက်တာ ဒေါ်မှိန်းဆွေထန်း(Dr.Hming Sawi Thangi)

**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ရူပဗေဒဌာန၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်**

## အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ ခြံအမှတ်(၁၉/ဘီ)၊ တိုက်(၁)၊ အခန်း(၉)နေ (U Kam Lian Buaia-Daw Biak Veli)တို့၏ ချစ်လှစွာသောသမီးကြီး၊ (Capt.Lal Than Vuta)-Daw Pi Zo Hming Tangi @ Pi Hmingi တို့၏ ချစ်လှစွာသောသမီးချွေးမ၊ (U Van Lal Zar Liana)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဟွာလ်ဇိက် (ဒုတိယညွှန်ကြားရေးမှူး၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်)၊ U Zo Than Sang-Pi Lar Mawii @ ဒေါ်လာမောရီ(Myanmar Juyoung Engineering Co.,Ltd)၊ (U Tawn Luaia)-Daw Baby အေးအေးခိုင်၊ Mg Zar Zo Liana (ခေတ္တ-Japan)၊ Daw Lal Sawn Liani-Capt.Zaw Myint (Senior Marine Superintendent, First Marine Service Co., Ltd, Tokyo, Japan)၊ Mg Hming Than Mawia (3/O Lizstar Shipping Co.,Ltd)၊ (Ma Lal Fak Zuali)၊ U Lal Thianga (Myanmar Juyoung Engineering Co.,Ltd)-Daw Graceခင်ချိုမြင့်၊ Mg Zung Pui Thanga (Lizstar Shipping Co.,Ltd)တို့၏ ချစ်လှစွာသော အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မောင်လှဘုန်းမင်း(Software Engineering at NCS PTE, LTD, Singapore)၊ မောင်လှဘုန်းလင်း(စတုတ္ထနှစ်၊ ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်)တို့၏ချစ်လှစွာသောမွေးသမိခင်ကြီး ဒေါက်တာဒေါ်မှိန်းဆွေထန်း(Dr.Hming Sawi Thangi)သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ချင်းနှင်းခြင်းခရစ်ယာန်အသင်းတော်၊ (C.B.C)၊ အမှတ်(၁၂၅)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ ဈာပနာဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကိုပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသာထွန်းလှ (စစ်တွေ)

## အသက် (၅၆) နှစ်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးကျော်အေး-ဒေါ်မြရွှေတို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၅၄)၊ ပထမထပ်နေ ဒေါ်ဆွေဆွေသန်း(အထက-၂၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဦး(ဒုရဲမှူး-ငြိမ်း)-ဒေါ်လှနုသာ၊ ဦးမြင့်ဦး(ဦးစီးအရာရှိ၊ အကစ-ငြိမ်း)-ဒေါ်ထားထားမြင့်၊ ဒေါ်ဖြူဖြူဝင်း(လက်/ညွှန့်၊ FRD)တို့၏ညီ/မောင်၊ ဦးကျော်သန်း-ဒေါ်မြမြဦး(IWT)၊ Capt;မျိုးဝင်း-ဒေါ်ခင်သန်းသန်းနုတို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၄-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကေသရ

## သိက္ခာတော် (၇၂) ဝါ၊ သက်တော် (၉၂) နှစ်

စမ်းချောင်းမြို့နယ်၊ ဇေယျဝတီစာသင်တိုက်၊ ပဓာနနာယက၊ မြို့နယ်သြဝါဒစရိယ၊ ခမည်းတော် ဦးသံဖေ-မယ်တော်ဒေါ်သိန်းညွှန့်တို့၏သား၊ (ဦးအောင်သန်းကြည်)-ဒေါ်အေးမြမယ်တို့၏ညီ၊ (ဦးထွန်းကြည်)-ဒေါ်စန်းရီ၊ (ဦးသာအေး-ဒေါ်စောသင်)၊ ဦးတင်ဝေ-(ဒေါ်သန်းအေး)၊ (ဦးအောင်ထွေး)-ဒေါ်အင်ပို၊ (ဦးအောင်မြင့်)-ဒေါ်သန်းဆွေ၊ (ဦးငွေဝင်း)-ဒေါ်စန်းကြွယ်တို့၏ အစ်ကို ဘဒ္ဒန္တကေသရ ဆရာတော်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၁၃ ရက်) ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကို (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်) ၁၁-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပူဇော်မည့်အကြောင်း ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။

ဇေယျဝတီစာသင်တိုက်
စျာပနဖြစ်မြောက်ရေးကော်မတီ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဇောတိက

## သိက္ခာတော် (၅၇) ဝါ၊ သက်တော် (၇၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သရက်တောကျောင်းတိုက်၊ ပုညသုခကျောင်း ပဓာန နာယကဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ နှောခရိုင်၊ ဘုရားကြီးကျောင်းတိုက်၊ စတုတ္ထမြောက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်သည် (၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် သရက်တောကျောင်းတိုက်၊ ပုညသုခကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ပုညသုခကျောင်း၌ (၅)ရက်အပူဇော်ခံထားရှိပြီး (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၂ ရက်) ၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပုညသုခကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ဦးသုဝဏ္ဏနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်မြလှိုင် (မြိတ်)

## အသက် (၉၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၄၉-ခ)နေ (ဦးဘငြိမ်း-ဒေါ်ငြိမ်းမယ်)တို့၏သမီး၊ [ဦးဘသောင်း (ပန်းပုဆရာကြီး)]၏ဇနီး၊ ဦးအောင်သန်း(အလှသစ္စာဓာတ်ပုံတိုက်-မြိတ်)-(ဒေါ်အင်စိန်)၊ ဦးအောင်ကြည်မြင့်(ပန်းပုဆရာ)-(ဒေါ်မေရီဂျော့)၊ ဦးခင်စိုး-ဒေါ်ရင်ရင်၊ ဦးသိန်းဦး(လ/ထမန်နေဂျာ၊ မီးရထား-ငြိမ်း)-ဒေါ်ကြည်ကြည်လေး(လယ်/ပြ-ငြိမ်း)၊ ဦးအောင်ကြည်သန်း-ဒေါ်ညိုညိုလွင်၊ ဦးအေးနိုင်-ဒေါ်ညိုညိုဆန်း(ညိုညိုကုန်စုံဆိုင်၊ တ/ဒဂုံ)၊ ဒေါက်တာလှလှရွှေ(တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်းဦး(ခ)ဦးဆန်နီ (R.O)

## အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ အမှတ်(၆)၊ စမ်းချောင်းလမ်းနေ (ဦးမြဦး-ဒေါ်ခင်တင့်)တို့၏ သားထွေး၊ (ဒေါ်နုနုရီ)၊ ဒေါ်အေးမြင့်ရီ(ဌာနခွဲမှူး၊ဘက်ဂျက်-ငြိမ်း၊တရားလွှတ်တော်ရှေ့နေ)-ဦးသိန်းညွှန့်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာသန်းသန်းနု(Poof & Head၊ သင်္ချာဌာန၊ ကျောက်ဆည်တက္ကသိုလ်-ငြိမ်း)-ဒုဗိုလ်မှူးကြီးအောင်ကြည်ရှိန်(ခယက-ငြိမ်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ)၊ ဒေါ်ဆွေဆွေဝင်း (စက်မှု-၁၊ ငြိမ်း)၊ Poof. Dr. နွဲ့နွဲ့ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ Poof in IUHW-Japan)တို့၏ မောင်၊ ဒေါ်ဥမ္မာဝင့်သက်ပိုင်(Candy Girls Cosmetic)-ဦးထင်ကျော်သန်း(2nd Engineer, VR Maritime Management)တို့၏ဦးလေး၊ မစန္ဒီထင်ကျော်သန်း(MIU)၊ မောင်လင်းခန့်ကျော်(Grade-IV, TTC)တို့၏အဘိုး ဦးကျော်ဝင်းဦး(ခ)ဦးဆန်နီသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၈(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအောင်မိုးခိုင် (အကောက်ခွန်-ငြိမ်း)

## အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် (၂၃)နေ (ဦးစိန်ထွန်း)-ဒေါ်ခင်ခင်မာတို့၏ သားကြီး၊ ဦးဝင်းနိုင်စိုး၊ ဒေါ်ခင်ခင်လေး၊ ဦးကျော်နိုင်စိုး-ဒေါ်အေးမြင့်၊ ဦးတင်နိုင်ထွန်း-ဒေါ်အိခိုင်မြင့်တို့၏အစ်ကို၊ ဒေါ်ခင်ကြူ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဥက္ကာအောင်-မဖြိုးပပခိုင်၊ ကိုထက်မြက်-မသန်းသန်းစိုး၊ မောင်ကျော်ဇင်၊ မအေးချမ်းမြေ့မိုးတို့၏ဖခင်၊ မယွန်းယွန်းမြတ်၊ မောင်မြတ်ဖုန်းခန့်သူတို့၏ အဘိုး၊ မောင်ရဲမြင့်မြတ်ဘို၊ မသဲသစ္စာနိုင်တို့၏ဘကြီးသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဇော်မိုးဦး

## အသက် (၃၆) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးမိုးကြိုးအောင် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ကျင်သိန်းတို့၏ သားသည် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# မသန်စွမ်းသူများအား မိမိတို့နှင့် တန်းတူလူသားမျိုးနွယ်ဖြစ်သည်ကို အသိအမှတ်ပြုပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန် ခံနိုင်စွမ်းသော လူ့ဘောင်အားလုံးပါဝင်ပြောင်းလဲကြရမည်






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ(၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**
မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးကျော်မျိုးနှင့် ဒေါက်တာ မြလေးစိန်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်လူမှုရေးဆိုင်ရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူ များ၏ လူ့အခွင့်အရေးများကို ပိုမိုအလေးထားဆောင်ရွက်နိုင်ရန် မသန်စွမ်းသူ များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)ကို လည်းကောင်း၊ မသန်စွမ်းသူများ၏ နည်းဥပဒေများ(၂၀၁၇)ကိုလည်းကောင်း၊ မသန်စွမ်းသူများ၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ ချင်းနှင့် ကချင်အသင်း ကွာတားဖိုင်နယ် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၅**
တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ အုပ်စုပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဆက်လက် ကျင်းပရာ အုပ်စု(ဂ) ပွဲစဉ်များအပြီးတွင် ချင်းနှင့် ကချင်အသင်း ကွာတား ဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

အုပ်စု(ဂ)တွင် ချင်းနှင့် ကချင်အသင်းက နာမည်ကြီးအသင်းများ ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးအသင်းကိုကျော်ဖြတ်ပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ အုပ်စု(ဂ) နောက်ဆုံးနေ့တွင် ကချင်အသင်းက မန္တလေး အသင်းကို လေးဂိုးပြတ်၊ ချင်းအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ ချင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ကချင်အသင်း က ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားဖိုင်နယ် တက်ရောက် သွားပြီး ရန်ကုန်နှင့် မန္တလေးအသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ယခုပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ရောက် အသင်းငါးသင်း ထွက်ပေါ်ထားပြီး အုပ်စု (ခ)တွင် ခြောက်မှတ်စီရထားသည့် ရှမ်း (တောင်) နှင့် စစ်ကိုင်းအသင်း၊ အုပ်စု (ဃ)မှ ခြောက်မှတ်ရထားသည့် မကွေးအသင်း မှာ လက်ကျန်တစ်ပွဲမကစားမီ နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အုပ်စု (က) ပွဲစဉ်များတွင် ရှမ်း (အရှေ့) အသင်းက ကယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဧရာဝတီအသင်းက ပဲခူးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **ရှိုင်းထက်ဇော်**



## အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းများ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဒီဇင်ဘာ ၅**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကြီးတွင် လှေလှော်ကစားနည်းများအနက် အနောက်တိုင်း လှေပြိုင်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အနောက်တိုင်းလှေပြိုင်ပွဲကို မီတာ ၁၀၀၀ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး တစ်ယောက်ချင်း လှော်၊ ကိုယ်အလေးချိန်ပေါ့ တစ်ယောက်လှော်၊ ကိုယ်အလေးချိန်ပေါ့ နှစ်ယောက်လှော်၊ လေးတက်လှော်နှင့် ပဲ့ကိုင်ပါ ရှစ်တက်လှော် စသည့် ပြိုင်ပွဲ အမျိုးအစား ငါးမျိုး ပါဝင်မည်ဖြစ်သည်။ ယင်း ငါးမျိုးကို အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲခွဲ၍ ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးရှိမည် ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❒**

